မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၅၃)

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီစည်းဝေး တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၃၂/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၂၁ရက် ညနေ ၄နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်မှု အခြေအနေနှင့် ယာဉ်တိုက်မှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၆ ✻

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၇ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျ နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီ အာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင် အဗ္ဗဒူ(လ်)အာဇစ် အယ်လ်ဆာ အုဒ်(ဒ်)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသော မြန်မာ့ဆက်သွယ်ရေးကဏ္ဍ

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယခင်ခေတ်ကာလက ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းခဲ့သော်လည်း ယခုအခါ နေရာဒေသတိုင်း၌ စာတိုက်စခန်း၊ ကြေးနန်းရုံး၊ တယ်လီဖုန်းရုံးများသာမက မိုက္ကရိုဝေ့ဗ်စခန်းများ၊ ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းများပါ တိုးတက်ဖြစ်ထွန်းလာခဲ့။ မိုက္ကရိုဝေ့ဗ်စခန်း များမှတစ်ဆင့် ကျေးလက်ဒေသများသို့တိုင် ဆက်သွယ်ပြောဆိုလာနိုင်။ တယ်လီဖုန်းစခန်းမရှိသော နေရာဒေသများတွင်လည်း ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းများမှတစ်ဆင့် DOMSAT စခန်းများ၊ VSAT စခန်း များ၊ MPT Satellite Terminal စခန်းများ တိုးတက်ပေါ်ထွက်လာခဲ့။

ကျော်စွာငယ်၏ ဆောင်းပါး စာ(၈ နှင့် ၉)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်)

သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး မျိုးကောင်းမျိုးသန့်များ မျိုးချန်စိုက်ပျိုးသည့် စနစ်ကျင့်သုံး

သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းရရှိစေရန် ရေ၊ မြေ ရာသီဥတုသာမက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် အထူးလိုအပ်သည်။ မျိုးကောင်းမှ အထွက်နှုန်းကောင်းနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးထုတ်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရန် ပန်းတိုင်သီးနှံ ၁၀မျိုးကို အထွက်စံနှုန်းများ ရည်မှန်းချက်ထား စိုက်ပျိုးလျက်ရှိသည်။ ယင်းသီးနှံများမှာ စပါး၊ ကြံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ ဖြစ်ကြသည်။

အဆိုပါသီးနှံများ၏ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မှာ စပါးတစ်ဧက တင်း၁၀၀၊ ကြံ တစ်ဧက တန် ၃၀၊ ချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၄၀၀၊ အစေ့ထုတ်ပြောင်းတစ်ဧကတင်း ၈၀၊ မြေပဲတစ်ဧက တင်း၅၀၊ နှမ်းသီးနှံ တစ်ဧက တင်း၂၀၊ နေကြာသီးနှံ တစ်ဧက တင်း၅၀၊ မတ်ပဲတစ်ဧက တင်း၂၀၊ ပဲတီစိမ်း တစ်ဧက တင်း၂၀၊ ပဲစင်းငုံ တစ်ဧက ၂၅တင်း ထွက်ရှိရေးပင် ဖြစ်သည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနက အရည်အသွေးကောင်းမွန်သည့် စပါး ငါးမျိုး၊ စပ်မျိုးအစေ့ထုတ်ပြောင်း ခြောက်မျိုး၊ မြေပဲငါးမျိုး၊ နှမ်းသုံးမျိုး၊ အထွက်နှုန်းကောင်းမျိုးခံနိုင်သည့် နေကြာလေးမျိုးနှင့် စပ်မျိုးနေကြာနှစ်မျိုး၊ ပဲတီစိမ်းကိုးမျိုး၊ မတ်ပဲငါးမျိုး၊ ကုလားပဲ ခြောက်မျိုး၊ ပဲပုပ်ငါးမျိုး၊ ပဲစင်းငုံလေးမျိုး၊ ကြံသုံးမျိုးတို့ကို အောင်မြင်စွာ သုတေသနဖော်ထုတ်ပြီး တောင်သူများထံ ဖြန့်ဖြူးပေးလျက်ရှိသည်။ စိုက်ပျိုးရေးနည်းစနစ်များ အထွက်နှုန်းကောင်းရရှိစေရန် လိုက်နာရမည့် အချက်တို့ကိုလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူများအနေဖြင့် သီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရန် ဒေသနှင့်ကိုက်ညီသည့် သီးနှံအမျိုးအစားများကို ရွေးချယ်၍ စိုက်စနစ်မှန်ကန်စွာ လုပ်ဆောင်သွားကြရမည်ဖြစ်သည်။ ထို့အပြင် ဒေသအလိုက် ထွက်ရှိလာသည့် သီးနှံအထွက်စံနှုန်းများ ထိန်းထားနိုင်ရန် မျိုးကောင်းမျိုးသန့်များကို မျိုးချန်၍ ပြန်လည်စိုက်ပျိုးသည့်စနစ်ကို ကျင့်သုံးသွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၇ (တနင်္ဂနွေနေ့)
AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"တရားကပေးတဲ့ ချမ်းသာ" တရားတော်(ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၇:၅၀ - ၁:၅၀	Sunday Talk(မျိုးမြတ်သူ၊ ကိုကို-စက်မှုတက္ကသိုလ်)
၈:၄၅ - ၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀ - ၂:၅၀	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၀)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း၊ အာဂမ+သဘာဝစာပြန်ပွဲ အခမ်းအနား
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅ - ၃:၃၅	ဥမင်တူးမြောင်း ဆက်သွယ်ကောင်း ရေပေးရေကူ စံနမူ စိုက်ပျိုးရေးအတွက် ဖေးမကူ
၉:၅၅ - ၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ - ၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅ - ၄:၀၅	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၁၀:၁၅ - ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	ယွန်းဖြစ်တည်ရာ ကျောက်ကြာရှာ
၁၀:၃၅ - ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀ - ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ - ၄:၅၀	စားချင်စရာ ငါးချဉ်အရသာ
၁၁:၁၀ - ၅:၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၁၅ - ၅:၁၅	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း (ပါမောက္ခ ဒေါက်တာ စောနောင်)
၁၁:၃၅ - ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀ - ၅:၄၀	နိုင်ငံတကာ အနုပညာရေးရာ
၁၂:၁၀ - ၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅ - ၆:၁၅	လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
၁၂:၃၀ - ၆:၃၀	Euro Goals
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Newcastle-West Ham	ESPN (Live)
၇:၂၄	Aston Villa-Everton	Star Sports (Live)
၉:၂၅	Man Utd-Chelsea	ESPN (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Roma - Juventus	5-Cartoon (Live)

မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်

ဟန်းနီးမွန်း

၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၆:၄၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၃၅)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**(၄၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် စိတ်၏စေရာ ၃၀၂** (အပိုင်း-၂) နေတိုး၊ အိန္ဒြာကျော်ဇင်

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓ ဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း) အ နောက် ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက် အအုံများ ဆောက် လုပ် ရန် အ တွက် ရန် ကုန် တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် မြင် တော် သာ လမ်း အမှတ် ၁၄၀၄နေ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ကျင်နုနှင့်သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်အဂ္ဂနန္ဒ Ph.D (Thesis) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

သမိုင်းဝင်ရှေးဟောင်း ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကို ငွေကျပ်သိန်းနှစ်ထောင်ကျော် အကုန်အကျခံကာ ဂေါပကအဖွဲ့က ကပ်လှူရန်စီစဉ်လျက်ရှိရာ ယခုအခါ အလှူငွေကျပ်သိန်း၇၃၀ကျော်ရရှိပြီး စက်တင်ဘာလတွင် လိုအပ်သည့်ပစ္စည်းနှင့် ရွှေဆိုင်းများဝယ်ယူစုဆောင်းခြင်း၊ အောက်တိုဘာလတွင် ဝါးငြမ်းများဆင်ကာ ရွှေအမှိုက်အတွက် တင်ဒါခေါ်ယူခြင်း၊ နိုဝင်ဘာလတွင် အမှိုက်ကြေးများချွတ်ခြင်း၊ ဒီဇင်ဘာလတွင် သစ်စေးသုတ်ခြင်း၊ ဇန်နဝါရီလတွင် ကြာခံကြီး၊ ကြေးဝိုင်း၊ ရှစ်မြှောင့်ချိုးတို့ကို ဦးစားပေးကာ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဖေဖော်ဝါရီလတွင် ဝါးငြမ်းများပြန်လည်ဖြုတ်ခြင်း၊ ရေစက်ချအခမ်းအနားကျင်းပခြင်း စသည့် လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်ရာ နှစ်လက်မပတ်လည် ရွက်၁၀၀ပါ ရွှေတစ်ဆိုင်း ငွေကျပ် ၂၃၀၀၀၊ ၁၂လက်မပတ်လည်ရွှေချပြီး တစ်ချပ် ငွေကျပ်တစ်သောင်း၊ ကိုးလက်မပတ်လည်ရွှေချပြီး တစ်ချပ် ငွေကျပ်ခုနစ်ထောင်ဖြင့် လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးမြို့ ဖုန်း-၀၆၁- ၆၀၂၆၁၊ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅၊ ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း) နာယက ဗုဒ္ဓပူဇနိယဆီမီး၉၉၀၀ အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၀၁-၆၄၂၈၅၈၊ ၀၁-၆၄၀၄၈၇၊ ၀၁-၆၄၀၄၈၉၊ အိမ်ဖုန်း-၀၁-၆၄၃၈၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ် ၈၀ (ဒီ/၁) ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်နွဲ့နွဲ့အေး၏(၇၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၃၂/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံအခြေစိုက် Ntegrator Private Limited မှ General Manager Mr. Jason Leong ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(အောက်ပုံ)(သတင်းစဉ်)**

ပဲခူးအသင်း (ရန်ကုန်) ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၆ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံခဲ့ရသော ပဲခူးမြို့ ဝင်းနိမ္မိတာရုံစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဆရာတော်ကြီးနှင့် ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံခဲ့ရသော ပဲခူးမြို့ ဆံတော်တွင်းစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီဟာဘိဝံသ ဆရာတော်ကြီးနှစ်ပါးအား ပဲခူးအသင်း(ရန်ကုန်)၏ အမှုဆောင်များနှင့် အသင်းသူအသင်းသားများ၊ တပည့်ဒါယကာဒါယိကာမများက အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဝင်းနိမ္မိတာရုံစာသင်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းပူဇော်လိုကြသူများသည် အောင်ဆန်းကွင်းမြောက်ဘက် ပဲခူးအသင်းတိုက်သို့ဖြစ်စေ၊ ဥက္ကဋ္ဌ ဦးညွန့်ဇော် ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးသိမ်းလွင် ဖုန်း-၀၅၂-၂၄၂၂၁ နှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၂- ၂၂၈၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

* ရှေ့ဖုံးမှ

ဖြည့်စွက်မှာကြား

ထို့နောက် ကော်မတီနှင့် ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် တိုင်းမှူးက ယာဉ်ထိခိုက်တိမ်းမှောက် လျော့နည်းသည်ထက် လျော့နည်းရန် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရေး၊ ပညာပေးရေး ဆပ်ကော်မတီအနေဖြင့်လည်း ယာဉ်မောင်းသူများနှင့် အများပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို သဘောပေါက်နားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်ရေးတို့ကို နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာခရိုင် ပုလဲမြို့နယ် ကျေးသများရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၂၂

မုံရွာခရိုင် ပုလဲမြို့နယ် ကျေးသများရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက ၎င်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ဟန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဖြစ်မြောက်ရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တဝဇီရဗုဒ္ဓိ (စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်)က ကျေးရွာသမိုင်းနှင့် ကျောင်းဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးတင်ဟန်နှင့် လက်တောင်းကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးပြည့်ဝင်းမောင်တို့က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဦးတင်ဆွေက အခြေခံပညာအလယ်တန်းကျောင်းခွဲ အင်္ဂါရပ်များနှင့် ပြည့်စုံရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် ကျေးသများရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးသာချိုက ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ကာ ကျောင်းသား ကျောင်းသူလေးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဆရာ ဆရာမများနှင့် ကျေးရွာနေပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးဆရာတော် တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဓမ္မကထိက ဗဟုဇနဟိတရေ သာသနဓဇ ဓမ္မာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ်သည် (၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၁၃ရက်)စက်တင်ဘာ၂၄ရက် ည၇နာရီတွင် ပဲခူးတိုင်း ကဝမြို့နယ် ကဒါတ်စိန်စံပြကျေးရွာ ကဝ အရှင်ဝဏ္ဏိသရနှင့် ခမည်းတော် ဦးဖေမောင်-မယ်တော် ဒေါ်တင်နု မိသားစုတို့၏ (၁၁)ကြိမ်မြောက် တဏှုလဆန်အလှူတော်အကြို ဓမ္မသဘင်နှင့် စက်တင်ဘာ၂၅ရက် နံနက်၆နာရီတွင် ရေစက်ချတရား ဟောကြားမည်ဖြစ်သည်။

ဟောကြားမည်

ယင်းနေ့ည ၇ နာရီတွင် ဒဂုံအရှေ့ အေးမြချမ်းသာ မဟာစည်၌လည်းကောင်း၊ ၂၆ ရက် နံနက် ၉ နာရီတွင် လှိုင်သာယာဘုရားလမ်း မာရ်အောင်ဓမ္မာရုံ၊ မွန်းလွဲ ၂ နာရီတွင် တောင်ဥက္ကလာ နန္ဒဝန်ဈေး ဓမ္မာရုံတို့တွင် ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



* ဘင်္ဂလားပင်လယ်အော်တွင် စက်တင်ဘာ ၂၂ ရက်က မုန်တိုင်းတိုက်ခတ်ပြီး လှိုင်းထန်ခဲ့မှုကြောင့် ဘင်္ဂလားဒေ့ရှ်ငါးဖမ်းသမား ၁၄ ဦးပျောက်ဆုံးနေကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

* **နေဂြိုဟ်မှ မိုင်ပေါင်း ၂၁သမ၈ ဘီလီယံဝေးကွာသည့် အရပ်၌ရှိသော နက်ပကျွန်းဂြိုဟ်သည် အလွန်အေးသောဂြိုဟ်တစ်ခုဖြစ်ကြောင်း၊ နေစကြဝဠာအဖွဲ့အစည်း၌ အအေးဆုံးဂြိုဟ်တစ်ခုဖြစ်ကြောင်း ပြင်သစ်ရှိ နိုင်ငံတကာ အာကာသသုတေသနပညာရှင်များအဖွဲ့က စက်တင်ဘာ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။**

* ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် စက်တင်ဘာ ၂၂ရက်က တရားမဝင်ရောင်းချသော အရက်များကို သောက်သုံးခဲ့မှုကြောင့် ၄၁ ဦးသေဆုံးသွားကြောင်း ကရာချိမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

* **ဆလိုဗက်ကီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ လေးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကာ နေအိမ် ၁၅ လုံးပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ အမေရိကန်သို့ လေယာဉ်ခရီးစဉ်ဖြင့်သွားရောက်သည့် ခရီးသည်တစ်ဦး၏ အိတ်အတွင်းမှ မြွေများနှင့် ငှက်အသေများကိုတွေ့ရသဖြင့် အမေရိကန်နိုင်ငံ အက်လန်တာလေဆိပ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက်က ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

* **အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်တွင် စက်တင်ဘာ ၂၁ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့မှုကြောင့် ၁၅ဦးသေဆုံးသွားကြောင်း၊ ရေဘေးဒုက္ခကြုံတွေ့နေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* နာဆာမှ စေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ဂူကဲ့သို့ ချိုင့်ဝှမ်းကြီးများ တွေ့ရှိရကြောင်း၊ အဆိုပါချိုင့်ဝှမ်းကြီးများမှာ စုစုပေါင်းခုနစ်ခုရှိကြောင်း၊ စက်တင်ဘာ ၂၂ ရက်က နာဆာမြေပြင်စခန်းသို့ သတင်းဓာတ်ပုံများပေးလိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

* **တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နန်ကျာပျေးမြို့တွင် စက်တင်ဘာ ၂၂ ရက်က ခရီးသည်တင် မော်တော်ယာဉ်တစ်စီး မတော်တဆဖြစ်ရပ်ကြောင့် တိမ်းမှောက်ခဲ့ရာ ရှစ်ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** **(အင်တာနက်)**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမဌကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် ချီးမြှင့်အားပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဆုရရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေက အမှာစကားပြောကြားပြီး ပညာရည်ထူးချွန်ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရည်ထူးချွန်ဆုများကို ချီးမြှင့်ရာ ခြောက်ဘာသာဂုဏ်ထူးရှင် စိန်ရတနာ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးထွန်းကြည်၏ သမီး မနွေးနွေးထွန်းကြည်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကဦးခင်ဇော်ကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် ဒါရိုက်တာမလိခစိုးထိုက်အောင်၏သမီး မရွှေယမင်းဦးအား နာယက ဦးညွန့်ဝင်းကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် ဓာတ်ပို့/ဓာတ်ရုံ ဦးညီကျော်(ခ) ဦးညီညီဆွေ၏ သမီး မမြတ်ပန်းမြင့်မိုရ်အား နာယက ဦးစိန်တင်ကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ကျော်လီဆွေနှင့်သားများ ရုပ်ရှင်/ဗီဒီယိုထုတ်လုပ်ရေးမှ ဦးမောင်မောင်ဆွေ၏သား မောင်ထွန်းလင်းအောင်နှင့် နှစ်ဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော စက်မှုအခြေခံမှ ဦးကျော်ထွန်း၏သား မောင်ဖွဲ့သက်ပိုင်နှင့် တည်းဖြတ်အလှာမှ ဦးတင်လှိုင်(ခ) ဦးခင်ဇော်၏သမီး မပုလဲစုလှိုင်တို့အား ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေကလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော စက်မှုအခြေခံမှ ဦးတင်ထွဋ်၏ သားမောင်ပြည့်သူအောင်နှင့် အုပ်ချုပ်/ဖြန့်ချိမှ ဦးဝင်းနိုင်(ခ) ဦးထွန်းရွှေ၏သား မောင်အောင်သူရမျိုးတို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်ကလည်းကောင်း ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ မျက်ခြယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၊ မင်္ဂလာကုမ္ပဏီ လီမိတက်နှင့် ဦးတင်အောင်တို့က ငွေကျပ် ငါးသိန်းစီ၊ အောင်ကျော်ဇော ဗီဒီယိုထုတ်လုပ်ရေးက ငွေကျပ် သုံးသိန်း၊ ထားဝယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးနှင့် ကျော်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးပြုံးမောင်မောင်–ဒေါ်ခင်သီတာထွန်း မိသားစု၊ ဦးမောင်မောင်ဆွေ (ကျော်လီဆွေနှင့်သားများ ဗီဒီယိုထုတ်လုပ်ရေး)၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူ မိသားစု၊ ဝမ်းဖိုးဖိုက်ဗီဒီယို၊ ဦးဝင်းကြည်–ဒေါ်ရင်ရင်စန်းမိသားစု၊ သရုပ်ဆောင် ထွန်းထွန်း (Examplez)၊ ဒေါ်အိအိခိုင်နှင့် ဦးစိုးသိမ်း (မဏိရွှေစင် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး) တို့က ငွေကျပ် တစ်သိန်းစီ၊ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင် ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ဒေါ်မျိုးမျိုးခိုင် (ကီကီ မြန်မာကုမ္ပဏီလီမိတက်)၊ ကြောင်ကမ္ဘာ ဗီဒီယိုထုတ်လုပ်ရေး၊ သုခမိန်ဗီဒီယို ထုတ်လုပ်ရေးနှင့် ဦးဘုန်းမော်တို့က ငွေကျပ်ငါးသောင်းစီနှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒုတိယ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် ဆုရရှိသူများကိုယ်စား မရွှေယမင်းဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

တက်ရောက်ချီးမြှင့်

၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် ချီးမြှင့် အားပေးစဉ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

ထို့နောက် တိုင်းမှူးသည် တိုက်ရိုက်အစေ့ချနည်းဖြင့် စိုက်ပျိုးနေသော ကောက်စိုက်သမများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စပါးစိုက်ပျိုးမှု အခြေအနေများကို မေးမြန်းကာ သတ်မှတ်ထားသည့် ဓာတ်မြေသြဇာများ ကျွေးမွေးရေး၊ ပေါင်းမြက်များ ရှင်းလင်းရေးနှင့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါ ကွင်းအမှတ် ၄၄၆/၄၄၇အတွင်း စိုက်ပျိုးပြီး စပါးများနှင့် ဓာတ်မြေသြဇာ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန္တလေးတိုင်း သီးနှံကာကွယ်ရေးဌာနခွဲက ခင်းကျင်းပြသထားသည့် မျိုးစေ့နမူနာများ၊ အပင်အာဟာရဆေးဝါးများ၊ ပိုးသတ်ဆေးများ၊ စပါးဖျက်ပိုးများနှင့် စပါးမျိုးအလိုက် စပါးနှံများ၊ ရရှိလာသည့် စပါးမှ ချက်ပြုတ်ပြီး ထမင်းနမူနာများကို ကြည့်ရှုစစ်ဆေးရာ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူများကရှင်းလင်းတင်ပြကြပြီး တိုင်းမြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးအောင်ကြင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးအား ယာယီရှင်းလင်းဆောင်၌ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြက ၂၀၀၇–၂၀၀၈ ခုနှစ် မန္တလေးခရိုင် ရေတော်မိုးတော် စပါးထွန်တုံးပိတ် စိုက်ပျိုးပွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေး ခရိုင်အတွင်း မြေအသုံးချမှု အခြေအနေ၊ မိုးရွာသွန်းမှု အခြေအနေ ၊ မိုးစပါး စိုက်ပျိုးထားမှု အခြေအနေတို့ကို လည်းကောင်း မြေပုံဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရေတော်မိုးတော် ထွန်တုံးပိတ် ကောက်စိုက်ပွဲတွင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် ကောက်စိုက်လုံမေဒေါ်ယွန်းနှင့်အဖွဲ့အားလည်းကောင်း၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့် အဖွဲ့ခေါင်းဆောင် ဦးမျိုးသိန်းနှင့် အဖွဲ့အားလည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးနိုင်

မန္တလေးခရိုင် အနေဖြင့် ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၄၄၈၃၀ လျာထားခဲ့ရာတွင် ရေတော်မိုးတော် စိုက်ပျိုးနိုင်သော ဧရိယာ ၄၃၅၀၅ ဧက ကွင်းပိတ်စိုက်ပျိုးနိုင်ခဲ့ပြီး ဧရာဝတီမြစ်ရေတိုးမှုကြောင့် ရေကျနောက်စိုက် ၉၆၆ ဧကကို စက်တင်ဘာလကုန်အပြီး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃–၉–၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	**စိတ်၏စေရာ ၃၀၂** (အပိုင်း–၂) နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၂:၄၀	၅။	(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (တိုက်ကွမ်ဒို)
၁၂:၅၅	၆။	တေးဂီတအစီအစဉ်
၁၃:၁၀	၇။	အကပြိုင်ပွဲ
၁၃:၂၅	၈။	ကူးလူးဆက်သွယ်ချစ်ကြိုးနွယ် (ကရင်၊ မွန်)
၁၃:၄၀	၉။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၃:၅၅	၁၀။	အတီးပြိုင်ပွဲ
၁၄:၁၀	၁၁။	(၂၆)မိုင် ကြက်ဆူအထူးဇုန် (စစ်ကိုင်းတိုင်း)
၁၄:၂၅	၁၂။	**တို့တစ်ရွာလုံးချမ်းသာပြီ** ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]
၁၄:၄၅	၁၃။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅	၆။	**၂၀၀၇ ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ပထမတန်းအဆင့်) (အမျိုးသမီး)**
၁၇:၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သီရိဂေဟာ
၁၉:၀၅	၁၁။	(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ရေကူး)
၁၉:၁၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၆၁)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စရာ့ပျိုကညာ** (အပိုင်း–၆)
	၁၇။	နောက်တစ်နေ့အစီအစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် တတိယအကြိမ် တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၂၂ရက်မှ စက်တင်ဘာ ၂၉ရက်အထိ ကျင်းပမည့် **“တတိယအကြိမ် တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ”**သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ဇော်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို တောင်ကြီးမြို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ၁၂ ခုတို့မှ တာဝန်ရှိသူများ၊ မီးပုံးပျံပညာရှင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဦးစီးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံပညာရှင်များက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စများ၊ ယခင်နှစ် အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးက ယခုနှစ်ဖွဲ့စည်းမည့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် ပြိုင်ပွဲအသီးသီး ကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက်ရန်ကုန်မြို့နေ ဦးခင်မောင်ချို-ဒေါ်ခင်အုန်းချိုမိသားစုက လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းငွေကျပ်၉၇၄၀၀၀ကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးနန္ဒဝံသ ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးဆောင်ဒုတိယဥက္ကဋ္ဌ ဦးစိန်မြက လက်ခံယူစဉ်။ (က-ပ)

ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ကျေးရွာများသို့ ကွင်းဆင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၁၄ရက် မွန်းလွဲ ၁နာရီက နန်းတုတ်ကျေးရွာအုပ်စု နမ့်ဖာမူ ဘုန်းတော်ကြီးကျောင်းတွင် ကျေးလက်နေ ပြည်သူများအား တွေ့ဆုံပြီး လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဟောပြောဆွေးနွေးကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး **(ယာပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဇော်ဝိတ်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းစိန်က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းလင်းက ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ ရေရှည်ခိုင်မာတိုးတက်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဟောပြောဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တောင်သူများက အထွေထွေတင်ပြချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌက ရွှေရင်အေးမျိုးစပါး ပြောင်းလဲစိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူလျှာထားဆေး ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ နှစ်ရှည်စားသုံးသီးနှံများ စိုက်ပျိုးရေးတို့အတွက် သတ်မှတ်ရက်များအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

ကျင်းပ

အလားတူဟောပြောဆွေးနွေးပွဲများကို ပင်လောင်းကြီးကျေးရွာအုပ်စု၊ စင်းတောင်းကျေးရွာအုပ်စု၊ တောင်ထိဗ္ဗာကျေးရွာအုပ်စု၊ ဘန့်ဘာကျေးရွာအုပ်စု၊ လိန်းညားကျေးရွာအုပ်စုနှင့် လုံးပြင်ကျေးရွာအုပ်စုတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

အထက(၄) အင်းစိန် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးမျိုးဆွေက ၁၈နှစ် ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရ အလယ်တန်းပြဆရာမ ဒေါ်လှဲ့လှဲ့ဝင်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

စက်မှုလက်မှုသိပ္ပံ (အင်းစိန်) (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်) လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာနမှ အငြိမ်းစားယူသွားကြသည့် ဆရာများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံတွင် အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေများကို ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁-၂၆၆၆၅၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၉၂၉၇၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁-၃၀၅၁၄၊ ဦးစိုးအောင် ဖုန်း-၀၉-၅၁-၉၆၅၃၅ နှင့် ဦးမြင့်မောင် ဖုန်း-၂၁၅၀၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရပ်ရပ်အခွင့်အရေးလိုင်စင်များချထားရေး ကောလင်း၌ ညှိနှိုင်းစည်းဝေး

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့၏ အရပ်ရပ်ဆိုင်ရာအခွင့်အရေးလိုင်စင်များ ချထားရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၅ရက် ညနေ ၃နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက အမှာစကားပြောကြားပြီး အရပ်ရပ်ဆိုင်ရာ အခွင့်အရေးလိုင်စင်များ သက်တမ်းတိုးမြှင့်ရေး၊ စည်ပင်သာယာရေးနှင့် ဈေးအကျိုးဆောင်များက ကြပ်မတ်ဆောင်ရွက်ရေး၊ ဈေးနှုန်းမှန်ကန်ရေး၊ အလေးချိန်ခွင်တင်းတောင်းမှန်ကန်တိကျရေး ဈေးလုံခြုံရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် ဈေးအကျိုးတော်ဆောင်များက လုပ်ငန်းရပ်များကို ပြန်လည်ဆွေးနွေးတင်ပြကြရာ တိုင်းညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။ **(၀၂၆)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ကနီမြို့၌ ဆောင်ရွက်

ကနီမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်လွင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဈေးရေနုတ်မြောင်းများ၊ စာသင်ကျောင်းများ၊ ရုံးများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ မဟာသကျအတုလ ရတနာဘုရားကြီးဝင်းအတွင်းရှိ မဟာသုခဝတီ ဘုရားကြီး ကျောင်းတိုက်၌ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၄၂၆)တွင် အဖွဲ့ချုပ် ဓမ္မကထိက ဆရာဦးဆန်းတင်က သစ္စာလေးပါးတရားများကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ရက်အထိ မွန်းတည့်၁၂နာရီမှ ညနေ၄နာရီခွဲအထိ ငါးရက်တိုင်တိုင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနား မြို့မဈေး စည်းကမ်းတကျ ရောင်းချရေး စည်ပင်ဦးစီးအရာရှိ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုး၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးများ သန့်ရှင်းသာယာလှပရေး၊ ဟင်းသီးဟင်းရွက်၊ သားငါး အလေးတင်းတောင်းချိန်ခွင်မှန်ကန်စေရေး၊ ကျန်းမာသန့်ရှင်းမှု ကောင်းမွန်ရေးတို့ကို မပြတ်စစ်ဆေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်က ဦးစီးအရာရှိ ဦးဌွန်စယ်၊ ကျန်းမာရေးမှူး(၂) ဦးနေလင်းကျော်၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် တာဝန်ရှိသူများသည် မြို့မဈေးကြီးသို့ ဈေးအတွင်း အလေး၊ တင်းတောင်း၊ ချိန်ခွင် မှန်ကန်စွာရောင်းချစေရေး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ရောင်းချစေရေးနှင့် သားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချစေရေးအတွက် ကွင်းဆင်းစစ်ဆေး ပညာပေးဆွေးနွေးမှာကြားကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး မင်းတပ်မြို့၌ ကွင်းဆင်းဆောင်ရွက်

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်တင်ဘာ ၁၅ရက်က ပန်းအော့ကျေးရွာ စိမ့်စမ်းရေသွယ်ရေထွက်များ၊ ရေစမ်းကန်၊ ရေစုကန်၊ ရေပိုက်လိုင်းတို့ သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ရွှေသူဌေးလမ်း အမှတ်၃၆/၄၅၈နေ ဦးထွန်းဉာဏ်-ဒေါ်စောရီတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကိုအနုနာယက

ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် ဆုချီးမြှင့်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၂

မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မွန်ပြည်နယ်ရှိ မြို့နယ် ၁၀မြို့နယ်တို့မှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အနုပညာရှင်များ၊ အကဲဖြတ်ဒိုင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက ဆုရရှိမှုနှင့် ဆုချီးမြှင့်ခြင်း အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အဆိုပြိုင်ပွဲတွင် ဆုရရှိသူ ခြောက်ဦးတို့အား လည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အဆိုပြိုင်ပွဲတွင် ဆုရရှိသူ ခုနစ်ဦးတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးအောင်ဌေး၏ဇနီး ဒေါ်အေးအေးမြင့်က အရေးပြိုင်ပွဲတွင် ဆုရရှိသူ လေးဦးတို့အား လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးဝင်း၏ ဇနီးဒေါ်ဝေဝေလွင်က အက ပြိုင်ပွဲတွင် ဆုရရှိသူ ကိုးဦးတို့အား လည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းက အကပြိုင်ပွဲတွင် ဆုရရှိသူ ခြောက်ဦးတို့အားလည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီး တင်သိန်းဟန်က အကပြိုင်ပွဲတွင် ဆုရရှိသူ ခုနစ်ဦးတို့အားလည်းကောင်း၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က အတီးပြိုင်ပွဲတွင် ဆုရရှိသူငါးဦးတို့အားလည်းကောင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အတီးပြိုင်ပွဲတွင် ဆုရရှိသူ ကိုးဦးတို့အား လည်းကောင်း၊ မော်လမြိုင် တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်းက အဆင့်မြင့်ပညာအဆင့် အဆိုပြိုင်ပွဲတွင် ဆုရရှိသူ ၁၀ ဦးတို့အား လည်းကောင်း၊ မော်လမြိုင် ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဆွေဆွေဝင်းနှင့် မော်လမြိုင် နည်းပညာတက္ကသိုလ် တာဝန်ခံ ဒေါက်တာစန်းခိုင်တို့က အကနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိသူ ရှစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်ပညာရေးမှူးဦးထွန်းရီက အခြေခံပညာအဆင့် အဆိုပြိုင်ပွဲတွင် ဆုရရှိသူ၁၂ဦး တို့အားလည်းကောင်း၊ လက်ထောက် ပြည်နယ်ပညာရေးမှူးဦးစိုးမြင့်က အဆိုပြိုင်ပွဲတွင် ဆုရရှိသူ ၁၀ဦးတို့အားလည်းကောင်း၊ လက်ထောက်ပြည်နယ် ပညာရေးမှူး ဦးစောစံရီက အဆိုနှင့်အကပြိုင်ပွဲတို့တွင် ဆုရရှိသူ ရှစ်ဦးတို့အား လည်းကောင်း၊ လက်ထောက်ပြည်နယ် ပညာရေးမှူး ဦးမြင့်သိန်းက အကပြိုင်ပွဲတွင် ဆုရရှိသူ ၁၁ဦးတို့အားလည်းကောင်း၊ လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးအောင်မြင့်က အတီးပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အကဲဖြတ်ဒိုင်များနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုလက်ဆောင်နှင့် မြို့နယ်တံခွန်စိုက်ဆုရ မော်လမြိုင်မြို့နယ်အား ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။



ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ဇီဝလုံခြုံမှုကောင်းမွန်သော အလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် FAO တို့ ပူးပေါင်းဆောင်ရွက်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ဇီဝလုံခြုံမှုကောင်းမွန်သော အလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဒေါ်ကြည်တင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးဇော်တင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာတင်တင်ဝေက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်အကြောင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဇာတိမာန် ငါးပုစွန်မွေးမြူရေးလုပ်ငန်း၏ ပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင် လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာချစ်စံဝင်းက အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော ယနေ့တရုတ်ပြည် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၆ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အမှတ် (၁၂) ရပ်ကွက် ဓမ္မာရုံ၌ နယ်လှည့် စာကြည့်တိုက် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ မြို့နယ် ဦးစီးမှူးဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ဇော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းစားသုံးမှုကို ကဏ္ဍတစ်ခုအနေဖြင့် ဖြည့်စွမ်းပေးလျက်ရှိသော ပဲခူးတိုင်း တောင်ငူခရိုင် ကျေးလက်ဒေသများ၏ ကြက်မွေးမြူရေးလုပ်ငန်း

ကွင်းဆင်းလေ့လာရေးသားသူ – သန်းသန်းနွဲ့ တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး ဟူ၍ စီးပွားရေး ဦးတည်ချက် (၄)ရပ်တွင် ပါရှိရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားပြည်သူအားလုံးတွင်

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

တာဝန်ရှိပေသည်။ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာမှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် မူတည်ပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးလုပ်ငန်းဖြစ်သည့် မွေးမြူရေးလုပ်ငန်းကိုပါ ဒေသအလိုက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက် ရှိသည်။

ပြည်သူတို့၏ စားသုံးမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးနေသော ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့ ကင်းဆိပ်ကျေးရွာအုပ်စုရှိ ရွှေဝါကြက်ခြံအမှတ်(၂)နှင့် အုတ်တွင်းမြို့မှ ဗောဓိကုန်းကြက်ခြံများသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြသည်။



ကြက်များကို အရွယ်အစားလိုက် ခွဲခြားထားပါတယ်။
ဦးရဲဝင်း ရွှေဝါကြက်ခြံလုပ်ငန်းရှင်။

ရွှေဝါကြက်ခြံ

ရွှေဝါ ကြက်ခြံအမှတ်(၂)တွင် ကြက်ငယ်ရုံ၊ ကြက်လတ်ရုံ၊ ကြက်ကြီးရုံဟူ၍ ကြက်အရွယ်အစားပေါ် မူတည်ပြီး ခွဲခြား၍ ထားကြောင်း တွေ့မြင်ခဲ့ရသည်။ ရွှေဝါကြက်ခြံတွင် ကြက်ကောင်ရေ ၄၀၀၀၀ ရှိသည်။

ကြက်ကလေးရက်သားအရွယ်တွင် သီးသန့်ထားရှိပြီး ၁၄ရက်သား ရရှိသည့်အခါတွင် ကြက်ရုံတစ်ရုံသို့ ပို့ထားကြောင်း၊ ဤရုံသည် ကြက်ငယ်ရုံဖြစ်ကြောင်း၊ ကြက်ရုံတစ်ရုံတွင် အခန်း၅၀ရှိပြီး တစ်ရုံတွင် ကောင်ရေ၃၀၀၀ ထားရှိကြောင်းကို ခြံပိုင်ရှင် ဦးရဲဝင်းက ရှင်းပြသည်။ ကြက်ကလေးများ ၁၆ပတ်နှင့် ၁၇ပတ် ရရှိသည့်အခါတွင် ကြက်လတ်ရုံသို့ ပို့ရသည်။ ၁၇ပတ်နှင့် အထက်ရှိသော ကြက်များကိုမူ ကြက်ကြီးရုံသို့ ပို့ရသည်။ ကြက်များကို အရွယ်အစားလိုက် ရုံများ ခွဲခြားထားခြင်းဖြင့် တစ်ကောင်နှင့်တစ်ကောင် အန္တရာယ် မပြုခြင်း၊ ကြက်ကြီးထွားမှုရှိခြင်းတို့ကို ရှင်းပြသည်။

၁၉ပတ်ကြာသည့် အခါမှာ ကြက်များ စတင်ဥပြီဖြစ်ပြီး ဥစမ်းကာလဟုလည်း ဆိုနိုင်ကြောင်း၊ ၂၃ပတ်ကြာသည့် အခါတွင် ၈၅ ရာခိုင်နှုန်းဥ၍ အများဆုံး ဥချိန်သည် ၂၈ပတ်တွင်ဖြစ်ပြီး ၉၅ ရာခိုင်နှုန်းဥကြောင်း မွေးမြူရေးလုပ်ငန်းရှင် ဦးရဲဝင်းက ရှင်းလင်းပြသည်။

ကာကွယ်ဆေး

ကြက်ရက်သား အရွယ်တွင် သကြားနှင့် ရောဂါကာကွယ်ဆေး တိုက်ကျွေးကြောင်း၊ နှစ်ပတ်သားအရွယ်တွင် ကာကွယ်ဆေးထိုးပေးကြောင်း၊ သုံးပတ်သားအရွယ်တွင် ကြက်လည်လိမ် ကာကွယ်ဆေး ထိုးပေးပြီး ငါးပတ်သားနှင့် ၁၀ပတ်သားတို့တွင်လည်း ကာကွယ်ဆေးများထိုးပေးကြောင်း၊ ၁၄ပတ်သား ရရှိသည့်အခါမှာ လည်လိမ်ရောဂါနှင့် အူကျရောဂါ ကာကွယ်ဆေးထိုးပေးရကြောင်း သိရသည်။

ရွှေဝါကြက်ခြံ(၂)တွင်ကြက်ကြီး ကောင်ရေ ၂၂၀၀၀ ကျော်ရှိပြီး ကြက်ကလေး ကောင်ရေ ၁၈၀၀၀ ရှိကြောင်း၊ ကြက်စာများကိုမိမိကိုယ်တိုင်ဖော်စပ်ပြီး ကျွေးကြောင်း၊ အစာကျွေးသည့် အခါမှာလည်း အစာများကို ပြန်စုပေးရကြောင်း၊ အစာကို ဆန်ကွဲ၊ ပြောင်း၊ ငါးခြောက်၊ ပဲဖတ်၊ နှမ်းဖတ်တို့နှင့် ရောစပ်ပြီး ကျွေးကြောင်း သိရသည်။

စနစ်တကျတည်ဆောက်

ကြက်ခြံများ စနစ်တကျ တည်ဆောက်ထားခြင်းကို တွေ့ရှိရပြီး ကြက်ချေးများကိုလည်း စနစ်တကျ စွန့်ပစ်နိုင်ရန် တည်ဆောက်ထားသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားချိန်တွင် ရွှေဝါကြက်ခြံ၌ ရောဂါဖြစ်ပွားမှု မရှိခဲ့ကြောင်း၊ သန့်ရှင်းမှု၊ စည်းကမ်းရှိမှု၊ လူနေအိမ်များနှင့် ကင်းကွာမှု၊ ကြက်ခြံအတွင်း လေဝင်လေထွက်ကောင်းမွန်မှုတို့ကြောင့် ကူးစက်ရောဂါမှ လွတ်ကင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ကြက်ဥများကို အစီအရီ တွေ့ရစဉ်။

ကြက်ကောင်ရေ ၅၀၀၀တွင် ဥနှုန်းသည် ၄၀၀၀ကျော် ရရှိကြောင်း၊ ရရှိသော ကြက်ဥများကို နေပြည်တော်၊ ရန်ကုန်နှင့် တောင်ငူသို့ ဖြန့်ချိကြောင်း သိရသည်။

ကြက်ဥများကို ဤသို့ အရွယ်အစားအလိုက် ရွေးကြရသည်။

ကြက်ကောင်ရေ

အုတ်တွင်း ဗောဓိကုန်း ကြက်ခြံသို့ သွားရောက် လေ့လာရာတွင် ဗောဓိကုန်းကြက်ခြံတွင် ကြက်ကောင်ရေ ၂၅၀၀၀ မွေးမြူထားကြောင်း လေ့လာတွေ့ရှိရသည်။ မွေးမြူရေးလုပ်ငန်းရှင်သည် ဦးတင်အေး ဖြစ်ပြီး ခြံလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်နေသူ ကိုကြည်တင့်က လိုက်လံရှင်းလင်းပြသည်။

ကြက်ဥနှုန်းသည် ၅၀ရာခိုင်နှုန်း ဥကြောင်း၊ ကြက်ဥများကို အရွယ်အစားတိုင်း ကိရိယာနှင့်တိုင်းပြီး အရွယ်အစားကို အကြီး၊ အလတ်၊ အသေး သုံးမျိုးခွဲကြောင်း သိရသည်။

ကင်းဝေး

ကြက်ခြံတစ်ခြံ၏ ဥနှုန်းသည် ပြုစုစောင့်ရှောက်မှု ကောင်းလျှင် နှစ်နှစ်ကျော်အထိ ဥနိုင်ကြောင်းကို လေ့လာသိရသည်။ ဗောဓိကုန်း ကြက်ခြံတွင် အကောင်ရေ ၅၀၀ကို ရှစ်ပေခန်း တစ်ခန်းနှင့် ထားရှိကြောင်း၊ သုံးရက်တစ်ခါ အခန်းကို သုံးပေချဲ့ပေးကြောင်း၊ အပတ်၂၀တွင် ကြက်ဥ စတင်ဥကြောင်းကို ကြီးကြပ်ဆောင်ရွက်နေသူ ကိုကြည်တင့်က ရှင်းပြသည်။ နေ့စဉ်

ဗောဓိကုန်း ကြက်မွေးမြူရေးခြံမှ ဥစားကြက်များမှာ တောင်ငူမှ သားပေါက်များကို ဝယ်ယူပြီး မွေးမြူကြောင်း၊ ရက်သား အရွယ်မှာ သကြားဓာတ်ရရန် သကြားနှင့် ကာကွယ်ဆေးများကို တိုက်ကျွေးကြောင်း သိရသည်။ ၎င်း၏ ကြက်ခြံသည်လည်း ကြက်ခြံများကို စနစ်တကျ တည်ဆောက်ထားမှု၊ စည်းကမ်းရှိမှုတို့ကြောင့် ကူးစက်ရောဂါများမှ ကင်းဝေးခဲ့ရကြောင်း သိရသည်။

ကြက်များ ဥနှုန်းကျပြီးသည့်အခါတွင် ဥစားကြက်မှ အသားစားကြက်အဖြစ် ပြန်လည်ထုတ်ကြောင်း သိရသည်။

ကြက်များ သောက်သုံးရန် ရေဘူးများ သန့်ရှင်းစွာ တွေ့ရစဉ်။



ရွှေဝါ ကြက်ခြံအမှတ်(၂) မွေးမြူထားသော ကြက်များကို ဤသို့ တွေ့ခဲ့ရသည်။

ပဲခူးတိုင်း တောင်ငူခရိုင်ရှိ ကျေးလက်ဒေသများသည်နိုင်ငံတော်၏ ပြည်တွင်းစားသုံးမှုကို ကဏ္ဍတစ်ခု အနေဖြင့် ဖြည့်ဆည်းနေကြပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာအထောက်အကူပြုသည်။

ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အထူးအရေးကြီးသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နေရာမှ တစ်နေရာသို့ အချိန်တိုအတွင်း အပြန်အလှန် ဆက်သွယ်ရာ၌ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများသည် များစွာ အရေးပါသည်။

ယခင်ခေတ်ကာလက ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းခဲ့သော်လည်း ယခုအခါ နေရာဒေသတိုင်း၌ စာတိုက်စခန်း၊

အချိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်း

မြန်မာ့ဆက်သွယ်ရေးကာ

ကျိုက္ခမီမြို့ အော်တိုတယ်လီဖုန်းဆက်သွယ်ရေးစခန်း

ပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်ပြောဆိုမှု လွယ်ကူစေရေးအတွက် ကျိုက္ခမီမြို့တွင် တည်ဆောက်ထားသည့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၁၉၈၈ခုနှစ်က စာတိုက်စခန်း ၁၁၁၄ ခုရှိခဲ့ရာမှ ယခုအခါ ၁၃၄၇ခု ရှိလာသဖြင့် စာတိုက်စခန်း ၂၃၃ခု တိုးတက်လာပြီး ၁၉၈၈ခုနှစ်က ကြေးနန်းရုံး ၃၁၀ခု ရှိခဲ့ရာမှ ယခုအခါ ၄၉၄ခုရှိလာသဖြင့် ၁၈၄ခု တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က တယ်လီဖုန်းရုံး ၂၄၅ခု ရှိခဲ့ရာမှ ယခုအခါ ၈၉၄ခု ဖြစ်လာသဖြင့် ၆၄၉ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က မိုက္ကရိုဝေ့ဗ်စခန်း ၇၁ခုရှိခဲ့ရာမှ ယခုအခါ ၂၂၉ခုရှိလာသဖြင့် ၁၅၈ခု တိုးတက်လာသည်။

ကြေးနန်းရုံး၊ တယ်လီဖုန်းရုံးများသာမက မိုက္ကရိုဝေ့ဗ်စခန်းများ၊ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းများပါ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ မိုက္ကရိုဝေ့ဗ်စခန်းများမှတစ်ဆင့် ကျေးလက်ဒေသများသို့တိုင် ဆက်သွယ်ပြောဆိုလာနိုင်သည်။ တယ်လီဖုန်းစခန်းမရှိသော နေရာဒေသများတွင်လည်း ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းများမှ တစ်ဆင့် DOMSAT စခန်းများ၊ VSAT စခန်းများ၊ MPT Satellite Terminal စခန်းများ တိုးတက်ပေါ်ထွက်လာခဲ့သည်။

ထိုသို့ ဆက်သွယ်ရေးကဏ္ဍ ထိရောက်ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ကဏ္ဍသစ်များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ **၂၀၀၇ခုနှစ် မတ်လ၁၇ရက်နေ့တွင် မန္တလေးတိုင်း တန့်ဆည်မြို့၌ လိုင်း၆၀၀ အသုံးပြုနိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း၊ ဧပြီလ၅ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မြို့နယ်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို လည်းကောင်း၊ ဧပြီလ ၁၁ရက်နေ့တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ လိုင်း ၄၀၀ အသုံးပြုနိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို လည်းကောင်း၊ မေလ၁၈ရက်နေ့တွင် မန္တလေးတိုင်း နေပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ်သစ်ပုတ်ပင် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ၌ လက်လှည့်အိတ်ချိန်း တယ်လီဖုန်းအလုံး၅၀နှင့် အော်တိုတယ်လီဖုန်းနှစ်လုံး အသုံးပြုနိုင်သည့် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ရာ အဆိုပါ အိတ်ချိန်းသစ်များ အပါအဝင် မြို့ပေါင်း ၂၂မြို့တွင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်များကို တပ်ဆင်အသုံးပြုနိုင်နေပြီ ဖြစ်သည်။**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်အတွက် အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများကို နိုင်ငံအနှံ့ဖြန့်ကြက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဖန်တီးဖော်ဆောင်ပေးနိုင်မှုကြောင့် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့ရှိ တိုင်းရင်းသားပြည်သူအချင်းချင်း အလွယ်တကူဆက်သွယ်နိုင်ပြီး လုပ်ငန်းဆောင်တာများကို လျင်လျင်မြန်မြန် ဆက်သွယ်ဆောင်ရွက်နိုင်ကာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးနိုင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မိုက္ကရိုဝေ့ဗ်၊ အီးမေးလ်နှင့် အင်တာနက်လုပ်ငန်းများသည် သတင်းအချက်အလက်များကို တွင်ကျယ်ထိရောက်စွာ ဖမ်းယူပေးပို့နိုင်သော လုပ်ငန်းများ ဖြစ်လာသည်။ နိုင်ငံအတွင်း၌သာမက ကမ္ဘာနှင့်အဝန်းပြောင်းလဲဖြစ်ပေါ်နေသော သတင်းအချက်အလက်များကိုလည်းကောင်း၊ ပြည်သူများ အသိအမြင်၊ ဗဟုသုတတိုးပွားစေရန်နှင့် မိမိတို့၏လုပ်ငန်းဆောင်တာများကို အချိန်တိုအတွင်း လွယ်လင့်တကူ ပြည့်ပြည့်စုံစုံသိရှိနိုင်ရန်အတွက်လည်းကောင်း ဆက်သွယ်ရေးနည်းပညာများကို ယခုအခါ ထိရောက် ကျယ်ပြန့်စွာ အသုံးပြုလာနိုင်ပြီ ဖြစ်သည်။

မိုဘိုင်းလ်ဆက်သွယ်မှုများအတွက် အင်တင်နာ

မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဆက်သွယ်မှုနှင့် ပြည်တွင်း မိုဘိုင်းလ်ဆက်သွယ်မှုများအတွက် အင်တင်နာများတပ်ဆင်ထားသည့် တာဝါတိုင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



...က်ဖြစ်ထွန်းလာသော ...ယ်ရေးကဏ္ဍ

ကျော်စွာငယ်

...ား၊ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း ...းမှတစ်ဆင့် ကျေးလက်ဒေသများသို့တိုင် ...ာ နေရာဒေသများတွင်လည်း ပြည်တွင်း ... စခန်းများ၊ VSAT စခန်းများ၊ MPT ...ခဲ့သည်။

...ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော် ...ရှိရာ **၂၀၀၇ခုနှစ် မတ်လ၇ရက်နေ့တွင် ...၌ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို ...တန့်မြို့နယ်၌ မြို့နယ်အတွင်း အသုံးပြုနိုင် ... ဧပြီလ ၁၁ရက်နေ့တွင် မန္တလေးတိုင်း ...ိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ...ပြည်တော် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ...က်ချိန်း တယ်လီဖုန်းအလုံး၅၀၀နှင့် အော်တို ...အိတ်ချိန်းသစ်ကိုလည်းကောင်း အသီးသီး ... မြို့ပေါင်း ၂၂မြို့တွင် ဒီဂျစ်တယ်အော်တို ...။**

... ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်အတွက် ...ကြိုက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ ...တိုင်း ဒေသအနှံ့ရှိ တိုင်းရင်းသားပြည်သူ ...င်တာများကို လျင်လျင်မြန်မြန် ဆက်သွယ် ... အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေး

...တာနက်လုပ်ငန်းများသည် သတင်းအချက် ...သော လုပ်ငန်းများ ဖြစ်လာသည်။ နိုင်ငံ ...သတင်းအချက်အလက်များကိုလည်းကောင်း၊ ...ို့၏လုပ်ငန်းဆောင်တာများကို အချိန်တို ...ည်းကောင်း ဆက်သွယ်ရေးနည်းပညာများကို ...စ်သည်။

မုံရွာခရိုင် အလုံမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ဆက်သွယ်ရေးစာတိုက်စခန်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

...ွက် အင်တင်နာ

...မှုနှင့် ပြည်တွင်း မိုဘိုင်းလ်ဆက်သွယ်မှု ...တိုင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



၁၉၈၈ခုနှစ်က စာတိုက်စခန်း၁၁၁၄ခုရှိခဲ့ရာမှ ယခုအခါ ၁၃၄၇ခု ရှိလာသဖြင့် စာတိုက်စခန်း ၂၃၃ခု တိုးတက်လာပြီး ၁၉၈၈ခုနှစ်က ကြေးနန်းရုံး ၃၁၀ခု ရှိခဲ့ရာမှ ယခုအခါ ၄၉၄ခုရှိလာသဖြင့် ၁၈၄ခု တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က တယ်လီဖုန်းရုံး ၂၄၅ခု ရှိခဲ့ရာမှ ယခုအခါ ၈၉၄ခု ဖြစ်လာသဖြင့် ၆၄၉ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က မိုက္ကရိုဝေ့ဗ်စခန်း ၇၁ခုရှိခဲ့ရာမှ ယခုအခါ ၂၂၉ခုရှိလာသဖြင့် ၁၅၈ခု တိုးတက်လာသည်။ ခေတ်မီဆက်သွယ်ရေး နည်းပညာများတွင် အင်တာနက်သုံးစွဲမှုမှာ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

၁၉၈၈ခုနှစ်က ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါ စခန်းနှစ်ခုရှိလာသည်။ ၁၉၈၈ခုနှစ်က ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်၂၁ခုရှိခဲ့ရာမှ ယခုအခါ ၆၀၃ခုအထိ ရှိလာသဖြင့် ၅၈၂ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချန်နယ် ၂၆ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၇၆၄ခုအထိ ရှိလာသဖြင့် ၁၇၃၈ ခု တိုးတက်လာသည်။

ထိုသို့ ဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊ ခေတ်မီ ဆက်သွယ်ရေး နည်းပညာများ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးနိုင်မှုကြောင့် တိုင်းရင်းသားပြည်သူများအချင်းချင်း စီးပွားကုန်သွယ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာသည့်အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဦးတည်လျက်ရှိရာ၌ မဖြစ်မနေ လိုအပ်လျက်ရှိသော နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေး နည်းစနစ်များ တိုးမြှင့်ဖော်ဆောင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

လှိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေး စခန်း

ပြည်နယ်ပြည်မ ဆက် သွယ် မှု လွယ်ကူ ချောမွေ့ စေ ရေး အ တွက် ကယားပြည်နယ် လှိုင်ကော်မြို့တွင် တည်ဆောက်ပေး ထားသော မိုက္ကရို ဝေ့ဗ် ဆက်သွယ် ရေးစခန်းကို ဤ သို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)



ဒီဂျစ်တယ်မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးပစ္စည်းများ

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုစီမံကိန်းများ၌ တည်ဆောက်ပေးထားသော ဒီဂျစ်တယ် မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးပစ္စည်းများကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ပြင်းအား ဗို့ ၅၀၀၀၀ ရှိ တာဆာလက်နက်များဖြင့် ဖမ်းမိတရားခံများအား ကန်ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်နှိပ်စက်

တူစတင် စက်တင်ဘာ ၂၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ရဲတပ်ဖွဲ့အရာရှိများက အမျိုးသမီးငယ်တစ်ဦးအား တာဆာလက်နက်ဖြင့် ပစ်ခတ်နှိပ်စက်ခဲ့မှုနှင့်ပတ်သက်ပြီး ကာကွယ်ပြောကြားမှုများ ပြုလုပ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

တေလာကာရက်စ် အမည်ရှိ အသက် ၁၅နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား တာဆာဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အဆိုပါ အမျိုးသမီးငယ်လေးမှာ အသက်ဘေးမှ လွတ်မြောက်အောင် မော်တော်ယာဉ်များအကြားမှ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ထိုမိန်းကလေးငယ်လေးကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ဖမ်းဆီးမိခဲ့ပြီး တာဆာလက်နက်ဖြင့် ထပ်မံပစ်ခတ်နှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အဖြစ်အပျက်များကို ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ဗီဒီယိုရိုက်ကူးပြီး ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မိန်းကလေးငယ်ကို စက်တင်ဘာ ၂ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်အပတ်က ပြန်လွှတ်ပေးခဲ့သည်။

ထို့အပြင် အသက် ၃၈နှစ်အရွယ် အမျိုးသမီးတစ်ဦးကိုလည်း စားသောက်ဆိုင်တစ်ခု၏ အပြင်ဘက်တွင် တာဆာလက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် အဆိုပါ အမျိုးသမီးအား ခြေဖြင့် ကန်ကျောက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီး

ထို့အတူ ဖလော်ရီဒါ ပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင်လည်း ရဲတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သော ကျောင်းသား တစ်ဦးကို ဖမ်းဆီးရာ၌ အဆိုပါ တာဆာလက်နက်ဖြင့်ပစ်ခတ်အသုံးပြုခဲ့ကြောင်းလည်း သိရသည်။

ပြင်းအားဗို့ ၅၀၀၀၀

ထိုတာဆာ လက်နက်သည် လျှပ်စစ် ကျဉ်စက်သေနတ်ဖြစ်ပြီး ပြင်းအားဗို့ ၅၀၀၀၀ ရှိကြောင်း၊ အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ကိုင်ဆောင် အသုံးပြုလေ့ရှိသော လက်နက်တစ်မျိုး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပစ်ခတ်

ရဲတပ်ဖွဲ့ဝင်များက ပြင်းအားဗို့ ၅၀၀၀၀ ရှိ တာဆာလက်နက်ဖြင့် ပစ်ခတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့် အာဖဂန်နစ္စတန်ရှိ တပ်ဖွဲ့ဝင်များအတွက် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများဝယ်ယူရန် ဒေါ်လာ ၁၀ဘီလီယံကျော်လိုအပ်

ဝါရှင်တန် စက်တင်ဘာ ၂၂

အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် တပ်ဖြန့်ချထားသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းရန် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံကျော် လိုအပ်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးဗျူရို အရာရှိတစ်ဦးက စက်တင်ဘာ ၁၉ရက်၌ ပြောကြားလိုက်သည်။

လိုအပ်မည်

တစ်ချိန်တည်းမှာပင် အမေရိကန်အမျိုးသားလေတပ်အတွက် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းရန် အမေရိကန်ဒေါ်လာ ၈ဒသမ ၈ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးဗျူရို အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး စတီဗင်ဘလမ်က ပြောကြားသည်။

ထို့အတူ အမေရိကန် အမျိုးသားကြည်းတပ်အတွက် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းမှုသည် လာမည့် ၂၀၁၃ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ဒသမ၁ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းတောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား လက်နက်ကိုင်တစ်ဦး သေဆုံး

ဗန်ကောက် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်တွင် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် လက်နက်ကိုင်တစ်ဦးသေဆုံးပြီး တစ်ဦးကိုလက်ရဖမ်းမိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရာရန်ခရိုင်တမ်ဘွန်ခါအိုတွမ်ဒေသ ကူနင်းကျေးရွာရှိ အိမ်တစ်အိမ်ကို ရဲတပ်ဖွဲ့နှင့်တပ်ဖွဲ့ဝင် ၁၀၀ ခန့်က ဝင်ရောက်စီးနင်းရာမှ ဒေသစံတော်ချိန် နံနက် ၆နာရီတွင် အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းစာ သည်နေးရှင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖမ်းမိ

ယင်းအိမ်အတွင်း လက်နက်ကိုင်ဟု မသင်္ကာသူများ ပုန်းအောင်းနေသည်ဟု သတင်းရရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအိမ်ကို ဝိုင်းဝန်းပိတ်ဆို့၍ လက်နက်ချ အညံ့ခံရန် တောင်းဆိုခဲ့သော်လည်း ၎င်းတို့က စတင်ပစ်ခတ်ခဲ့ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုသည် ၁၅မိနစ်ခန့် ကြာကြောင်း၊ တစ်ဦးကိုဖမ်းမိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

သေဆုံး

အိမ်အတွင်း၌ လက်နက်ကိုင်တစ်ဦး သေဆုံးနေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗား ပြည်နယ်အလယ်ပိုင်း ဆာမာရာမြို့ရှိ ချို့တဲ့သော ပြည်သူများအား အခမဲ့ပေးဝေမည့် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ဓာတ်ငွေ့အိုးများကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘယ်လ်ဂျီယံ၌ လူမှောင်ခိုကူးမှုဖြင့် ၁၆ဦး ဖမ်းဆီး

ဘရပ်ဆယ်လ် စက်တင်ဘာ ၂၂

ဗြိတိန်နိုင်ငံသို့ဝင်ရောက်ရန် ဦးတည်လာသော အိန္ဒိယမှ တရားမဝင်ဝင်ရောက်လာသူများအား လူကုန်ကူးခဲ့သည်ဟု မသင်္ကာသူ ၁၆ဦးကို သက်ဆိုင်ရာ အာဏာပိုင်တို့က လူမှောင်ခိုကူးမှုဖြင့် ဖမ်းဆီးခဲ့သည်။

ထိန်းသိမ်းခဲ့

ဘရပ်ဆဲလ်မြို့တွင်းနှင့် ဝန်းကျင်တွင် သက်ဆိုင်ရာက ညအချိန် ဝင်ရောက် စီးနင်းရှာဖွေခဲ့ကြောင်း၊ ထိုစဉ် ဗြိတိန်နိုင်ငံသို့ ပို့ဆောင်ရန် ဘယ်လ်ဂျီယံနိုင်ငံအတွင်းသို့ တရားမဝင် မှောင်ခို ခိုးသွင်းကာ လုံခြုံသည့် အိမ်တွင် ထိန်းသိမ်းထားသည့် ၆၄ဦးကိုလည်း ထိန်းသိမ်းခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ပြောကြား

အဆိုပါ ဖမ်းဆီးထားသူများသည် လူမှောင်ခိုကူးမှုများ၏ ကွင်းဆက် ဖြစ်နိုင်ကြောင်း အဆိုပါအာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သီရိလင်္ကာ၌ ဗုံးများတွေ့ရှိ

ကိုလံဘို စက်တင်ဘာ ၂၂

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့လယ်တွင်ရှိသော အဆောက်အအုံတစ်ခု၌ ဗုံး ၁၂လုံးခန့် သိမ်းဆည်းသိုဝှက်ထားသည်ကို ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၉ ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ကိုလံဘိုမြို့ ကိုတာဟီနာဂျမ်ပက်တာလမ်းမကြီးတစ်လျှောက်တွင် ရှင်းလင်းရှာဖွေပြုလုပ်ရာမှ ယခုကဲ့သို့ ဗုံးများရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးများသည် တမီးလ်တိုက်ဂါးအဖွဲ့မှ ကိုလံဘိုမြို့အတွင်းသို့ ဖောက်ခွဲဖျက်ဆီးရန် သယ်ဆောင်လာခဲ့သည့် ဗုံးများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း တစ်လသားအရွယ် လင်းပိုင်ပေါက်လေးနှင့် ၎င်း၏မိခင်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

(အဆိုပါ လင်းပိုင်ပေါက်လေးအား အများပြည်သူများ ကြည့်ရှုနိုင်ရန် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခြင်း ဖြစ်သည်။)

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာ၌ ပြည်ပပို့ကုန်လုပ်ငန်း မြင့်တက်

ကိုလံဘို စက်တင်ဘာ ၂၂

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ဇူလိုင်လအတွင်း ပြည်ပပို့ကုန်လုပ်ငန်း အနေဖြင့် ၃၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လျက်ရှိရာ အမေရိကန် ဒေါ်လာ သန်း ၆၉၀ ခန့် ဝင်ငွေရရှိခဲ့ကြောင်း၊ ယခင်နှစ်အလားတူကာလက အမေရိကန် ဒေါ်လာ ၅၁၆သန်းသာ ရရှိခဲ့ကြောင်း၊ ကိုလံဘိုမြို့ရှိ ဗဟိုဘဏ်က စက်တင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ယခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ အခြေခံကုန်သွယ်မှုအများဆုံး တင်ပို့ကုန်ပစ္စည်းမှာ အဝတ်အထည်ဖြစ်ကြောင်း၊ ဥရောပနိုင်ငံများဈေးကွက်သို့ အဝတ်အထည် ၃၈ ဒသမ ၅ ရာခိုင်နှုန်း ယခုနှစ်အတွင်း တင်ပို့နိုင်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တိုးတက်

ယခုနှစ် ပထမ ခုနစ်လအတွင်း ပြည်ပပို့ကုန်လုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၂၆ ဘီလီယံထိ တဖြည်းဖြည်း တိုးတက်လာခဲ့ရာ ယခင်နှစ်အလားတူကာလက ၃ ဒသမ ၆၈ ဘီလီယံသာ ရရှိခဲ့သည်။

စီးပွားရေးထိခိုက်

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းကျွန်းဆွယ်များ၌ ပြည်တွင်းစစ်ပွဲများ ဖြစ်ပွားနေမှုကြောင့် နိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ၌ စက်တင်ဘာ ၁၉ရက်က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၂၀ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်လူမျိုးပေါင်းစုံ တပ်မတွင် တာဝန်ထမ်းဆောင်သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့ အနောက်ဘက်စစ်ဆင်ရေးတွင် သေဆုံးခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အခြားအမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဆာလာဟူဒင်ပြည်နယ်တွင် သေဆုံးခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲစတင်ကတည်းက ယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၉၀ရှိသွားပြီဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဂျေနာမြို့တွင် ပြည်သူများ ရပိုင်ခွင့်မညီမျှမှုကို ကန့်ကွက်သည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံမှ ပြည်သူများ ရပိုင်ခွင့်မညီမျှမှု ထောင်ပေါင်းများစွာသော ပြည်သူတို့ကန့်ကွက်ဆန္ဒပြ

ဂျေနာ စက်တင်ဘာ ၂၂

ပြည်သူများ ရပိုင်ခွင့်မညီမျှမှုကို ကန့်ကွက်သည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများသည် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဂျေနာမြို့တွင် စက်တင်ဘာ ၂၀ရက်က ချီတက်ဆန္ဒပြကြသည်။ ပြည်နယ်အတွင်း လူမျိုးခွဲခြားမှုစနစ် ဆက်လက် ကျင့်သုံးနေသည်ဟု ၎င်းတို့က ပြောကြားသည်။

ဆန္ဒပြ

တစ်တန်းတည်းသားချင်း လူဖြူ ကျောင်းသားတစ်ဦးကို ရိုက်နှက်သည့် လူမည်းဆယ်ကျော်သက် ခြောက်ဦးအား ယင်းကိစ္စတွင် လူသတ်ရန်ကြံစည် ကြိုးပမ်းမှုဖြင့် စွဲချက်တင်ထားသည်မှာ မတရားကြောင်းပြသရန် ယင်းကဲ့သို့ ဂျေနာမြို့ကလေးသို့ စုရုံးကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

ပြန်လွှတ်ပေးရေး

ဆန္ဒပြသမားများသည် အခြား မြို့ကြီး၊ မြို့ငယ်များနှင့် တကွ ဝေးလံသော နယူးယောက်၊ အတ္တလန္တာနှင့် လော့စ်အိန်ဂျလိစ်ကဲ့သို့သော မြို့ကြီးများမှ ကိုယ်ပိုင်ကားများ၊ ဘတ်စ်ကားများ စီးနင်းကာ ဂျေနာမြို့ကလေးသို့ စုရုံးရောက်ရှိလာကြပြီး ချီတက်ဆန္ဒပြကြသည်။ ထို့ပြင် တရားမျှတမှုနှင့် ငြိမ်းချမ်းမှုချက်ချင်းပေး၊ လူမျိုးခွဲခြားဆက်ဆံသည့်ရဲတပ်ဖွဲ့ အလိုမရှိ စသည်ဖြင့် ကြွေးကြော်ချီတက်ကြသည်။

စံနမူနာတစ်ခုဖြစ်

ဤဖြစ်ရပ်မှာ ၎င်းတို့မြို့ကလေးတွင် ကျယ်ပြန့်သော ပြဿနာများ၏ စံနမူနာတစ်ခုသာဖြစ်ကြောင်း ဂျေနာမြို့မှ လူမည်းခေါင်းဆောင်အချို့က ပြောကြားသည်။

အဆုံးသတ်ရေး

ခွဲခြားမှုအဆုံးသတ်ရေး ပြည်ထောင်စုဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက် နှစ်ပေါင်း ၄၀ကျော် ကြာသည့်တိုင်အောင် သူတို့တစ်တွေ ထိထိရောက်ရောက် ခွဲခြားဆက်ဆံခံရပြီး လူမည်းများမှာ အခွင့်အလမ်းနည်းပါးသည်ဟုလည်း လူမည်းခေါင်းဆောင် အချို့က ရင်ဖွင့်သည်။

(အင်တာနက်)

ဗီယက်နမ်တွင် ယာဉ်မတော်တဆမှု တိုးမြင့်လျက်ရှိ

ဟန္နိုင်း စက်တင်ဘာ ၂၂

ဗီယက်နမ်နိုင်ငံတွင် မတော်တဆဖြစ်ရပ်များကြောင့် ကလေးငယ်များ သေဆုံးရမှု အရေအတွက် တိုးမြင့်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံထုတ် လေဘာသတင်းစာက စက်တင်ဘာ ၁၉ရက်၌ ဖော်ပြသည်။

အများဆုံး သေဆုံးရမှုမှာ ယာဉ်မတော်တဆ ဖြစ်ရပ်ကြောင့် ဖြစ်ပြီး သေဆုံးမှုများသော အသက်အရွယ်မှာ ၁၅နှစ်မှ ၁၉နှစ်အရွယ်များဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ချမှတ်ဆောင်ရွက်

ဗီယက်နမ်နိုင်ငံအနေဖြင့် လာမည့် ၂၀၁၀ ပြည့်နှစ်၌ လက်ရှိမတော်တဆဖြစ်ရပ်ကြောင့် သေဆုံးရမှုအရေအတွက် ထက်များစွာ လျော့နည်းသွားစေရန် ကာကွယ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်သည်။

စီမံချက်ချမှတ်

ထို့ပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မတော်တဆဖြစ်ရပ်များအတွက် အချိန်မီကုသမှုပေးနိုင်ရန်အတွက်လည်း စီမံချက် ချမှတ်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာ၌ ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စွပ်ပြုတ်အိုး

ကမ္ဘာပေါ်တွင် အကြီးဆုံး စွပ်ပြုတ်အိုးကြီး တစ်ခုကို တွေ့ရစဉ်။(ဝဲပုံ)

ဗင်နီဇွဲလားနိုင်ငံ ကရာကက်မြို့၌ ပြုလုပ်ထားသော စွပ်ပြုတ်အိုးကြီးတစ်ခုမှာ အမြင့် ၁၄ ပေရှိပြီး အကျယ် ခုနစ်ပေခန့်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး စွပ်ပြုတ်အိုးကြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

လေထဲ ဝဲပျံပြနိုင်သူ ငှက်လူသား

တောင်ပံတစ်စုံကို အသုံးပြု၍ လေထဲ ဝဲပျံပြနေသူ တစ်ဦးကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မှ လျူချန်အမည်ရှိ တရုတ်အမျိုးသားတစ်ဦးက အထူးတီထွင်ပြုလုပ်ထားသော တောင်ပံတစ်စုံကို အသုံးပြုကာ အကွာအဝေး ၂၄ ဒသမ ၅၂ မီတာ အထိရောက်အောင် လေထဲ ဝဲပျံပြနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဘရာဇီး၊ အာဂျင်တီးနားနှင့် ဘိုလီးဗီးယားသို့ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု ဗင်နီဇွဲလား ပြန်လည်စတင်

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၂

ဗင်နီဇွဲလားမှ ဘရာဇီး၊ အာဂျင်တီးနားနှင့် ဘိုလီးဗီးယားနိုင်ငံများသို့ ဖြတ်သန်းသွယ်တန်းမည့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ဘရာဇီးနှင့် ဗင်နီဇွဲလား သမ္မတနှစ်ဦးက စက်တင်ဘာ ၂၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပူးတွဲဆောင်ရွက်မည်

အဆိုပါစီမံကိန်းကို နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများဖြစ်သည့် ပက်ထရိုဘားနှင့် ပီဒီဗီအက်စ်အေတို့က ပူးတွဲဆောင်ရွက်ကြမည် ဖြစ်သည်။

ခန့်မှန်းထား

ထိုရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုငွေကြေး အမေရိကန် ဒေါ်လာ ၂၀ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြန်လည်စတင်

အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှု ပြန်လည်စတင်ရန် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်အနေဖြင့် ဘရာဇီးနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ဘရာဇီးသမ္မတ လူဇ်အီနာစီရိုလူလာဒါဆီလ်ဗားနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

၁၃၆၉ ခုနှစ် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ၂၆ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် (၇)ရပ်ကွက် အာဒိကာရုံတိုက် မင်္ဂလာသီရိကျောင်း ဦးစီးပဓာန နာယက သာသနဓဇဓမ္မာစရိယ သာသန တက္ကသီလ မဟာဓမ္မာစရိယ ဘဒ္ဒန္တ ဣန္ဒာစာရ အရှင်သူမြတ်နှင့် ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တကုဏ္ဍလဇောတိ အရှင်သူမြတ်တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပရိယတ္တိ ကျောင်းမှ ဘဒ္ဒန္တဣန္ဒက အရှင်သူမြတ်က ဉပုသ်သီလပေးတရားတော်များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လသာမြို့နယ် ၂၄လမ်း အမှတ် ၇၂နေ ဦးတင့်အောင်-ဒေါ်ကြင်ကြင်လှ မိသားစုက နှစ်ဖက် မိဘများအား ရည်စူး၍ ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည် ဟိဂ်မ်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ်၁၀၅၀၀၀နှင့်စစ်ကိုင်း မင်းကွန်း လမ်းအတွက် ငွေကျပ် ငါးသောင်းကို လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် (သီတဂူကြာတစ်ပွင့်)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။
(၁၁၅)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၇ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျ နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်)ဘင်အယ်(လ်)ဖိုင်ဆယ်ဘင်အဗ္ဗဒူ(လ်) အာဇစ်အယ်(လ်)ဆာအု(ဒ်)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၃-၉-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ မိုးကြီးမည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်မြို့၌ ကားလမ်းအချို့ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့၌ ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကားလမ်းအချို့ ရေလွှမ်းမှုများရှိခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်းစိန်ရွာမကားလမ်း၊ သမိုင်းလမ်းဆုံ၊ ပါရမီလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မီကာဆာဟိုတယ်အနီးနှင့် အင်းလျားကန်ဘေး ဒူးဆစ်အင်းလျားလိတ်ဟိုတယ်အနီးတစ်ဝိုက် ကားလမ်းတစ်လျှောက်၊ ဒဂုံစင်တာအနီး ဗားကရာလမ်း၊ ကျိုက္ကဆံကွင်းအနီး အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် သံသုမာလမ်းထောင့်၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ် မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်းထိပ်၊ ယုဇန ပလာဇာရှေ့နှင့် လမ်းအချို့၌ သုံး၊ လေးပေခန့် ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်၌ ပြည်လမ်း အေဒီလမ်းဆုံအနီးရှိ ကုက္ကိုပင်တစ်ပင်သည် ပြည်လမ်းအတိုင်း မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်တစ်စီးပေါ် လဲပြိုကျပြီး ယာဉ်မောင်း ဦးဇော်ဝင်းအောင်၏ နဖူး၊ ဝဲနားထင်တွင် ဒဏ်ရာများရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆင်နယ်တို့ ဒါဘီကို ငါးဂိုးပြတ်အနိုင်ယူ လီဗာပူးတို့အိမ်ကွင်း၌ တန်းတက်ဘာမင်ဂမ်နှင့် သရေကျ

သတင်းမြင်ကွင်း
မောင်ချစ်ကြည်

လန်ဒန် စက်တင်ဘာ ၂၂

ပရီမီယာလိဂ် ပွဲစဉ် (၇)ကို စက်တင်ဘာ ၂၂ရက်က ဆက်လက်ကစားရာ အာဆင်နယ်က ဒါဘီကို ငါးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သော်လည်း လီဗာပူးက ဘာမင်ဂမ်ကို အိမ်ကွင်း၌ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရသည်။

အာဆင်နယ်နှင့် ဒါဘီ

အာဆင်နယ်တို့ အိမ်ကွင်း၌ ဒါဘီအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် ဝေါကော့၊ အီဒူရာဒိုနှင့် အဒီဘာယော တို့က ဒါဘီနောက်တန်းကို ၁၆ကြိမ် ထိုးဖောက် ဂိုးသွင်းခွင့်ရပြီး အပိုင်ကန်သွင်းခွင့် ကိုးကြိမ် ရရှိခဲ့သည်။

မကျော်နိုင်

ဒါဘီအသင်းသည် တစ်ခါတစ်ရံ တန်ပြန်တိုက်စစ်မှ ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း အာဆင်နယ် နောက်တန်းကို မကျော်နိုင်ခဲ့သဖြင့် တစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။ အာစင်ဝင်းဂါးသည် အလယ်တန်း၌ ဖာဘရီဂတ်စ်၊ ဖလာမီနီနှင့်ဒီရာဘိုင်တို့ကို ထားရှိကစားစေခဲ့သဖြင့် ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်ခဲ့ရာ ပွဲချိန် ၁၀မိနစ်၌ ဒီရာဘိုင်က တစ်ဂိုး၊ ပွဲချိန် ၂၅မိနစ်၌ တိုက်စစ်မှူး အဒီဘာယောက တစ်ဂိုး၊ မိနစ်၅၀၌ အဒီဘာယောက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ အာဆင်နယ်အသင်း ဆက်တိုက် ဖိကစားခဲ့ရာ ဒါဘီခံစစ်မှူးများ မဟန့်တားနိုင်ခဲ့ သဖြင့် မိနစ်၇၀တွင် ဖာဘရီဂတ်စ်က တစ်ဂိုးနှင့် ၇၉မိနစ်တွင် အဒီဘာယောက တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် အာဆင်နယ်တို့ ငါးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူး အဒီဘာယောလည်း ဟက်ထရစ် ရရှိခဲ့သည်။

လီဗာပူးနှင့် ဘာမင်ဂမ်

အိမ်ကွင်း၌ တန်းတက် ဘာမင်ဂမ်ကို လီဗာပူးတို့ မမျှော်လင့်ဘဲ သရေပွဲ ဖြစ်ခဲ့ရသည်။ ၃း၄း၃ ပုံစံဖြင့် ပွဲထွက်လာသော လီဗာပူးသည် တိုက်စစ်၌ ဘာဘယ်၊ ဒက်ကွတ်နှင့် ဗိုရိုနင်တို့ကို ထားရှိကစားစေခဲ့ရာ

အာဆင်နယ်နှင့် ဒါဘီတို့ပွဲတွင် အာဆင်နယ်မှ ဖာဘရီဂတ်စ် (ဝဲ) **ဤသို့ ဂိုးသွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဘာမင်ဂမ်ဘက်သို့ အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။

ရင်ဆိုင်

ဘာမင်ဂမ်တို့ ၄း၅း၁ အခင်းအကျင်းဖြင့် လီဗာပူးကိုရင်ဆိုင်ခဲ့ပြီး ခံစစ် အားပြုကစားခဲ့သည်။ လီဗာပူးမှ ရစ်ဆီ၏ ကန်သွင်းချက်နှင့် ဂျရတ်၏ အပိုင်ကန်သွင်းချက်များကို ဘာမင်ဂမ် ဂိုးသမား မိုက်တေလာ ကာကွယ်သွားနိုင်ခဲ့သဖြင့် လီဗာပူးတို့ နစ်နာခဲ့ရသည်။ လီဗာပူးသည် ဘာဘယ်လ်အစား တောရက်စ်၊ ဗိုရိုနင်အစား ပီတာ ခရောက်ချ်နှင့် ပင်နန့်အစား ဖင်နန်တို့ကို ဒုတိယပိုင်းပွဲချိန်၌ အစားထိုးကစားစေခဲ့သော်လည်း ရလဒ်မထူးခြားခဲ့သဖြင့် ဂိုးမရှိသရေပွဲ ဖြစ်သွားခဲ့ရခြင်းဖြစ်သည်။

လီဗာပူးနှင့် ဘာမင်ဂမ်တို့ပွဲတွင် လီဗာပူးမှ ဂျရတ် (ယာ) **ဘာမင်ဂမ်မှ ဘော်ဂျာ၏ ထိုးဖောက်ကစားမှုကို ဤသို့ ဟန့်တားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်း

ရှိုင်ကိန်း၏ ဆန်းဒါးလန်း အသင်းသည် မစ်ဒယ်ဘရော့ထံမှ တစ်မှတ်ရအောင် ယူနိုင်ခဲ့သည်။ မစ်ဒယ်ဘရော့တို့အိမ်ကွင်း၌ ဆန်းဒါးလန်းကို အပေါ်စီးမှ မကစားနိုင်ခဲ့ချေ။ ဆန်းဒါးလန်းတို့ ပွဲအစ နှစ်မိနစ်မှာပင် ကွင်းလယ် ကစားသမား ဂရင့်လိဒ်ဘက်တာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန်၁၅မိနစ်၌ မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား အာကာက ချေပဂိုး ပြန်သွင်းယူ ပေးနိုင်ခဲ့သည်။

ချေပဂိုး

မစ်ဒယ်ဘရော့၏ ဒုတိယဂိုးကို ပွဲချိန် ၆၇မိနစ်၌ ဒေါင်းနင်းက သွင်းယူပေးခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေရာမှ ပွဲပြီးခါနီး ၈၉မိနစ်တွင် ဆန်းဒါးလန်းမှ မီလာက ချေပဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ။

အခြားပွဲရလဒ်

ဖူလ်ဟမ် ၃ - ၃ မန်စီးတီး
ရက်ဒင်း ၂ - ၁ ဝီဂန်။

ထိုးဖောက်

မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်းတို့ ပွဲတွင် ဆန်းဒါးလန်းမှ ကိုးလ်လင်း (ယာ) **ထိုးဖောက် ဂိုးသွင်းရန် ကြိုးစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟိုချယ်လ်ဆီးမှ နုတ်ထွက်သွားမှု စိတ်ပျက်မိကြောင်း ဖာဂူဆန်ပြောကြား

စုစည်းတင်ပြသူ-မြင့်မောင်စိုး

မော်ရင်ဟိုနှင့် ဖာဂူဆန်တို့ ဤသို့ရင်းနှီး။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၂

ဂျို့စ်မော်ရင်ဟို ချယ်လ်ဆီးနည်းပြအဖြစ်မှ ထွက်ခွာသွားခြင်းအတွက် စိတ်ပျက်မိကြောင်း မန်ချက်စတာယူနိုက်တက်အသင်းနည်းပြ ဖာဂူဆန်က ပြောကြားသည်။

ကြိုးစား

မန်ယူက ချယ်လ်ဆီးကို အိုးထရက်ဖို့ဒ်၌ အိမ်ရှင်အဖြစ် လက်ခံကစားမည့် စက်တင်ဘာ ၂၃ရက် **(ယနေ့)**ပွဲစဉ်တွင် မော်ရင်ဟိုနှင့် တွေ့ဆုံခွင့် လွဲခဲ့၍လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ မိမိတို့ နည်းပြနှစ်ဦးသည် ပရီမီယာလိဂ်ပွဲများ တစ်လျှောက် ပြိုင်ဘက်များ ဖြစ်ခဲ့ကြသော်လည်း တစ်သင်းနှင့် တစ်သင်းအနိုင်ရရေး ကြိုးစားခဲ့ရာတွင် ပျော်ရွှင်စရာများ ဖြစ်ခဲ့ရကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

ချီးမွမ်းစရာ

မော်ရင်ဟိုသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲအတွက်ရော ချယ်လ်ဆီးအသင်းအတွက်ပါ ချီးမွမ်းစရာကောင်းသည့် နည်းပြကောင်းတစ်ဦးဖြစ်ခဲ့ကြောင်း ဖာဂူဆန်က ပြောကြားသည်။

တိုးတက်

မိမိအသင်းသည် ချယ်လ်ဆီး အသင်းကြောင့် အရည်အသွေး ပိုမိုတိုးတက်ခဲ့ရကြောင်း၊ ချယ်လ်ဆီးအသင်းနှင့် မိမိမန်ယူအသင်း ယှဉ်ပြိုင်ရသည်မှာ ပို၍ပျော်ရွှင်စရာများ ဖြစ်ခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

ထိပ်တိုက်ဆုံတွေ့

ဖာဂူဆန်နှင့် မော်ရင်ဟိုတို့သည် ၂၀၀၄ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မော်ရင်ဟို ပေါ်တိုအသင်းကို ကိုင်တွယ်စဉ် ပထမဆုံးအကြိမ် ထိပ်တိုက်ဆုံတွေ့ခဲ့ကြသည်။

(အင်တာနက်)

နည်းပြသစ်ဖြစ်လာသောဂရန့်အား ချယ်လ်ဆီးကပွဲထုတ်ရန်အသင့်ရှိနေ

ချယ်လ်ဆီးနည်းပြသစ် ဂရန့်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၂

ချယ်လ်ဆီးအသင်းက ယင်းတို့၏ မန်နေဂျာသစ် ဂရန့်အား ပွဲထုတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။

ခန့်အပ်

ချယ်လ်ဆီးက စတမ်းဖို့ဒ်ဘရစ်၌ သုံးနှစ်ကြာ ညွှန်ကြားရေးမှူးလုပ်ခဲ့သော ဂရန့်အား စက်တင်ဘာ ၂၀ ရက်က မော်ရင်ဟိုနေရာတွင် နည်းပြအဖြစ် အစားထိုးခန့်အပ်လိုက်သည်။

လေ့ကျင့်

အသက် ၅၂ နှစ်ရှိ ဂရန့်သည် ထိုနေ့နှောင်းပိုင်းတွင် ဘောလုံးသမားများနှင့် တွေ့ဆုံပြီး ပထမဆုံးအကြိမ် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

တာဝန်ယူ

စတိဗ်ကလပ်သည် ချယ်လ်ဆီးအသင်း၏ လက်ထောက်နည်းပြအဖြစ် ဆက်လက်တာဝန်ယူသွားမည်ဖြစ်သည်။

အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က ဂရန့်နှင့်စတိဗ်ကလပ်တို့အား အသင်းလေ့ကျင့်ရေး ကွင်းရှိရာသို့ လာရောက်တွေ့ဆုံအားပေးသည်။

မန်စီးတီးနည်းပြအဲရစ်ဆင်က ဂရန့်သည် အရည်အချင်း ရှိသူဖြစ်ကြောင်း၊ စတမ်းဖို့ဒ်ဘရစ်၌ အောင်မြင်သူဖြစ်လာလိမ့်မည်ဟု ယုံကြည်မိကြောင်း ပြောကြားလိုက်သည်။

(အင်တာနက်)

မော်ရင်ဟို ချယ်လ်ဆီးမှထွက်ခွာသွားမှု ထိပ်တန်းကစားသမားများ မကျေနပ်ကြ

မာလူဒါ။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၂

နည်းပြမော်ရင်ဟို ချယ်လ်ဆီးကို ကျောခိုင်းထွက်ခွာသွားပြီးနောက် အကောင်းဆုံး ဘောလုံးသမားအချို့ကို ထိန်းထားရန် ချယ်လ်ဆီးရင်ဆိုင်နေရသည်။

အကောင်းဆုံးဘောလုံးသမားများက မော်ရင်ဟိုနောက်မှ လိုက်ထွက်ကြလိမ့်မည်ဖြစ်ကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

ငြင်းပယ်

မော်ရင်ဟိုထွက်သွားသည့်နေ့က မိမိနှင့်အသင်းအတွက် အလွန်ပင် ဝမ်းနည်းစရာကောင်းသောနေ့တစ်နေ့ ဖြစ်ကြောင်း၊ မော်ရင်ဟိုရှိ၍သာ မိမိအား ရီးရဲမက်ဒရစ်က ကမ်းလှမ်းလာသည်ကို ငြင်းပယ်၍ ချယ်လ်ဆီး၌ ဆက်ကစားခဲ့မိကြောင်း နောက်တန်းကစားသမား ကာဗယ်ဟိုက ပြောကြားသည်။

တွေ့ဆုံလို

ထို့အပြင် နွေရာသီက စာချုပ်လိုက်သော မာလူဒါကလည်း မိမိသည် ချယ်လ်ဆီးသို့ပြောင်းရွှေ့ခဲ့ခြင်းမှာ မော်ရင်ဟိုနှင့်တွေ့ဆုံလို၍ ဖြစ်ကြောင်း ပြောကြားသည်။

တိုက်စစ်မှူးဒရော့ဘာကလည်း ချယ်လ်ဆီးနှင့် မော်ရင်ဟိုတို့ဖြစ်ခဲ့သည့်ကိစ္စအတွက် အလွန်ပင်ဒေါသထွက်နေသည်ဟု ဆိုသည်။

(အင်တာနက်)

မန်ယူတို့ ချယ်လ်ဆီးအပေါ် အောင်ပွဲခံနိုင်ပါ့မလား စပါးတို့ နိုင်ပွဲရမရ စောင့်ကြည့်ရမည့် ပရီမီယာလိဂ်ပွဲစဉ်(၇)

ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၇) လက်ကျန်ပွဲတွေကို စက်တင်ဘာ ၂၃ရက် **(ယနေ့)**မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ပရိသတ်တွေ အထူးစိတ်ဝင်စားနေတဲ့ပွဲကတော့ အိုးထရက်ဖို့ဒ်မှာကစားမယ့် မန်ယူနဲ့ချယ်လ်ဆီးတို့ပွဲပါပဲ။ ဒီနေ့

မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

လက်ကျန်ပွဲ လေးပွဲကစားရမှာဖြစ်ပေမယ့် ပရီမီယာလိဂ်ကို နည်းပြအဖြစ် စတင်ရောက်ရှိခဲ့တဲ့ အချိန်ကတည်းက အမျိုးမျိုးသော နည်းလမ်းတွေနဲ့ ပရိသတ်ရင်ကို စွဲကိုင်လှုပ်ယမ်းခဲ့တဲ့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ရုတ်တရက်ရာထူးက နုတ်ထွက်သွားတာဟာ ချယ်လ်ဆီးအသင်းအပေါ် လှိုင်းဂယက်တွေ ဘယ်လောက်အထိ ရိုက်ခတ်သွားစေတယ်ဆိုတာကို တွေ့ရတော့မှာဖြစ်သလို နည်းပြသစ်လက်ထဲက ချယ်လ်ဆီးရဲ့ ပကတိအနေအထားကို အိုးထရက်ဖို့ဒ်ညချမ်းရဲ့ပရိသတ်တွေရှေ့မှောက်မှာ အစမ်းသပ်ခံပါတော့မယ်။

မန်ယူနှင့် ချယ်လ်ဆီး

ပြိုင်ဘက်ကောင်း အသင်းနှစ်သင်း၏ပွဲကို ပရိသတ်တွေ ရင်ခုန်စိတ်နဲ့စောင့်မျှော်နေချိန်မှာ ချယ်လ်ဆီး နည်းပြ မော်ရင်ဟို နည်းပြအဖြစ်က နုတ်ထွက်သွားတာကြောင့် အိုးထရက်ဖို့ဒ်မှာကစားမယ့် မန်ယူနဲ့ချယ်လ်ဆီးတို့ရဲ့ပွဲက အရင်ကလောက် ရသမမြောက်တော့မှာကို ပရိသတ်တွေ သံသယဝင်နေကြပါပြီ။

ထိခိုက်မှုရှိ

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ ချယ်လ်ဆီး ကစားသမားတွေအပေါ် သြဇာညောင်းတဲ့ နည်းပြတစ်ဦးဖြစ်တာမို့ နည်းပြသစ်လက်ထဲမှာ ချယ်လ်ဆီး ကစားသမားတွေရဲ့ ခြေစွမ်းအပေါ် ထိခိုက်မှုရှိစေမှာ အမှန်ပါပဲ။

ခွန်အားလျော့ပါး

မော်ရင်ဟို ထွက်သွားတာမို့ ကစားသမားတွေ စိတ်ဓာတ်ပျက်ပြားနေတဲ့ အချိန်မှာ ပရီမီယာလိဂ်ဖလား အဓိကပြိုင်ဘက် မန်ယူနဲ့ကစားရမယ့်ပွဲနဲ့ တည့်တည့်လာတိုးနေချိန် ဖြစ်နေတာမို့ ချယ်လ်ဆီးအတွက်ကတော့ ဘူးလေးရာ ဖရုံဆင့်နေတော့တာပါပဲ။ ချယ်လ်ဆီး အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဒရော့ဘာ၊ လမ်းပတ်၊ တယ်ရီနဲ့ အက်ဆီယံတို့ကတော့ စိတ်ထိခိုက်မှုဖြစ်ရတယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားထားတာမို့ မန်ယူကို အနိုင်ကစားဖို့ ခွန်အားတွေ လျော့ပါးနေတဲ့အချက်ကို တရားဝင်ဖော်ပြလိုက်သလို ဖြစ်နေပါတယ်။

ဖြတ်သန်း

တစ်ဖက်က ချယ်လ်ဆီးအသင်းရဲ့ စုစည်းမှု အလဲလဲအပြိုပြိုဖြစ်နေချိန် မန်ယူမှာ ဒဏ်ရာက သက်သာပြီဖြစ်တဲ့ တိုက်စစ်မှူးရွန်နေ အချိန်ပြည့် ပါဝင်ကစားနိုင်ပြီဖြစ်သလို စီရိုနယ်ဒို၊ နာနီ၊ တီဗက်ဇ်၊ ပေါလ်စခိုး၊ ရိုင်ယန်ဂစ်တို့ အားလုံး လူစုံကစားနိုင်မှာဖြစ်တဲ့အတွက် အိမ်ကွင်းမှာ ဖာဂူဆန်အတွက် အခွင့်ကောင်းတစ်ရပ်ပါပဲ။ ဒီပွဲဟာ ပရီမီယာလိဂ်ဖလားကာကွယ်ဖို့ အရေးကြီးတဲ့ ပွဲစဉ်ဖြစ်တာမို့ ဒီအခွင့်အရေးကို ဖိဖိစီးစီးနဲ့ကစားရင် မန်ယူတို့ အခြေအနေကောင်းနဲ့ ကြုံကြိုက်ရပါလိမ့်မယ်။ ချယ်လ်ဆီးမှာ ဒဏ်ရာကြောင့် ဒရော့ဘာ မကစားနိုင်ခဲ့ရင်တော့ မန်ယူတို့ အိုးထရက်ဖို့ဒ်ညချမ်းကို ပြုံးပန်းတွေနဲ့ ဖြတ်သန်းနိုင်ပါလိမ့်မယ်။

ဘော်လ်တန်နှင့် စပါး

ပြီးခဲ့တဲ့ သုံးကြိမ်ဆုံတွေ့ခဲ့တဲ့ မှတ်တမ်းတွေအရ ဘော်လ်တန်အိမ်ကွင်းမှာ စပါးတို့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဘော်လ်တန်ရော စပါးပါ လက်ရှိခြေစွမ်းက အားရစရာမရှိတာကြောင့် ခြေရည်ကတော့တူနေပါတယ်။ ဘော်လ်တန်အသင်းဟာ အတန်းတက် ဘာမင်ဂမ်အသင်းကိုတောင် ရှုံးတဲ့ ခြေစွမ်းကလည်း စိတ်ပျက်စရာပါပဲ။ စပါးမှာလည်း ဘာဘာတော့ဗ်၊ ရော်ဘီကိန်းက ခြေမပေါ်တာကြောင့် ရလဒ်တွေ မကောင်းပါဘူး။ ရလဒ်မကောင်းလို့ နည်းပြအဖြစ်က အထုတ်ခံရမယ့်ကိန်း ဆိုက်နေတဲ့ မာတင်ဂျိုးလ်ကတော့ စပါးကို စွမ်းအားညှစ်သုံးပြီး အနိုင်ကစားပါလိမ့်မည်။ ဘော်လ်တန်အိမ်ကွင်းဆိုတော့ စပါးထက်စာရင် ဘော်လ်တန်ကို ပိုကြိုက်ပါတယ်။

နယူးကာဆယ်နှင့် ဝက်စ်ဟမ်း

ဒါဘီကိုတောင် ရှုံးခဲ့တဲ့ နယူးကာဆယ်ရဲ့ ခြေစွမ်းကလည်း အားရစရာ သိပ်မကောင်းပါဘူး။ တိုက်စစ်မှူး မိုက်ကယ်အိုဝင်လည်း ခွဲစိတ်မှုပြန်လုပ်ရမယ်ဆိုတော့ ကစားဖို့ မသေချာတာမို့ တိုက်စစ်ပိုင်း အားနည်းနေမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ နှစ်ကြိမ်ဆုံတွေ့ခဲ့တဲ့ မှတ်တမ်းမှာ နှစ်ပွဲစလုံး သရေကျခဲ့တာမို့ ဒီပွဲမှာ ပြတ်သားတဲ့အဖြေထွက်အောင်တော့ ကစားကြမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းမှာ ယွန်းဘတ်၊ ဘောင်ယာနဲ့ အက်ရှ်တန်တို့က ခြေပေါ်အောင် ကစားနေနိုင်တာမို့ နိုင်ပွဲတွေဆက်နေပါတယ်။ နယူးကာဆယ်တို့အိမ်ကွင်းမှာဆိုတော့ အလေးသာပေမယ့် ဝက်စ်ဟမ်းကို ပိုစိတ်ဝင်စားပါတယ်။

ဗီလာနှင့် အဲဗာတန်

အက်စတွန်ဗီလာအသင်းဟာ အိမ်ကွင်းခြေကောင်းတဲ့ အသင်းဖြစ်တာမို့ အဲဗာတန်တို့ ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမယ့် အဲဗာတန်အသင်းကို ဗီလာတို့ အိမ်ကွင်းမှာ အသာစီးတစ်ခါမှတော့ မရခဲ့ပါဘူး။ ခံစစ်ကြောင်း တောင့်တင်းတဲ့ အဲဗာတန်ကို ဗီလာတိုက်စစ်မှူးတွေ လွယ်လွယ်ကူကူ ကျော်ဖြတ်ဖို့ သိပ်မလွယ်ပါဘူး။ အဲဗာတန်ဟာ ခြေတွေ့ရင် ဗီလာကို အဝေးကွင်းဆိုပေမယ့် အသာစီး ကစားသွားနိုင်ပါတယ်။

အက်စတွန်ဗီလာမှာ ဂျွန်ကာရူး၊ အဘွန်လဟောနဲ့ ရီယိုကကွက်ကာတို့က ခြေစွမ်းပြနေတာကြောင့် ဒီနှစ်သင်းရဲ့ နောက်ဆုံးရလဒ်က သရေပွဲအဖြစ် မြင်နေမိပါတယ်။ ။

(ကိုးကား-အင်တာနက်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်မေမေ **ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မန်း** ၏ ၂၃-၉-၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့၍ ကျန်းမာရေးသုခအပေါင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း – ဦးကျော်စိန် (Kyaw Family)၊
ချစ်သားကြီး – ဒေါက်တာကျော်စိုးဝင်း-ဒေါ်အေးအေးမြင့်၊
ချစ်သမီး – မနွယ်နွယ်ဦး၊
ချစ်သားငယ် – ဦးနိုင်ဦး-ဒေါ်သဇင်အုန်း၊
ချစ်မြေးများ – ဖြိုးဖြိုး၊ ပြည့်ပြည့်၊ ဝိုင်းဝိုင်း၊ လုံးလုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အိမ်အမှတ် ၁၀၂ နေ (ဦးတုံဝေဆက်-ဒေါ်စက်ဆိုင်)တို့၏သားထွေး

မောင်တင်စူး(ခ)မောင်တင်စိုး

နှင့်

မြစ်ကြီးနားမြို့၊ မင်းရပ်ရပ်ကွက်၊ အိမ်အမှတ် ၁၈ နေ (ဦးဖန်ယိုးချင့်-ဒေါ်စင်းချိန်)တို့၏တတိယသမီး

မတင့်တင့်စိုး

တို့သည် ၂၂-၉-၂၀၀၇ရက် (စနေနေ့)တွင် နှစ်ဖက်မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်တင်စူး-မတင့်တင့်စိုး။

ကျေးဇူးဆပ်ပါမည်

ဦးမောင်သန်း ၁၂/တမန(နိုင်)၀၄၃၇၁၉ ကိုင်ဆောင်သော 4 - Ticket ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးမောင်သန်း ဖုန်း-၂၉၄၅၀၀။**

မြတ်မေတ္တာ သူနာပြုအကူသင်တန်း
နိုင်ငံတကာ Enrolled Nurse Certificate အတွက် လျှောက်လွှာခေါ်ယူခြင်း

- Enrolled Nurse Certificate သင်တန်းကို **မြတ်မေတ္တာ** သင်တန်းကျောင်းတွင် သင်ကြားမည်။
- ပြည်တွင်းအလုပ်အကိုင်အတွက် (၃)လသင်တန်း၊ ဆေးရုံဆေးခန်းတွင် အလုပ်ရရှိရေး အာမခံသည်။
- ပြည်ပ ENC အတွက်(၉)လသင်တန်း၊ သင်တန်းပြီးပါက စင်ကာပူနိုင်ငံ Certificate ချီးမြှင့်၍ Enrolled Nurse Certificate ရရှိရေး ဆောင်ရွက်ပေးမည်။ ပြည်ပဆေးရုံများ လူအိုရုံများတွင် Enrolled Nurse အဖြစ်လုပ်ကိုင်၍ Nursing Diploma ရရှိရေးဆက်လက်ဆောင်ရွက်ပေးမည်။ ENC အတွက် သင်တန်းသားဟောင်း အထူးနှုန်း အမြန်ဆက်သွယ်ပါ။
- ပြည်တွင်းအလုပ်ကိုင်အတွက် (၂၀)ဦး၊ ENC First Batch အတွက် (၅၀)ဦး လက်ခံမည်။

အမှတ် ၆၁၊ ၁၃လမ်း(လယ်)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၈၀၈၁၊ ၀၉-၉၉-၂၂၅၉၄။

ဦးညက်လွင် B.Sc (Phy), M.Sc (Thesis)

ရူပဗေဒသီးသန့် (ဆဋ္ဌ ရာသီသင်တန်းများ) စတင်လက်ခံသည်။

အမှတ်(၁၈၆)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ☎ 253205, 09-510-8309

(၅၇၃)၊ ဗောဓိကလမ်း၊ ၁၆/၄ ရပ်ကွက်၊ သင်္ဃန်းကျွန်း။ 09-510-8310

SAYA-TONY

O.B.F Language School

အင်္ဂလိပ်စကားပြန်ဟောင်း ဘာသာပြန်ဆရာ(SHELL)

IELTS/EFB (English for Business UK)

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

အမှတ်(၉၁)၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)၊ အောက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၀၃၄၀

လမ်း/ တံတားပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် လမ်းများအနက် လမ်း ၈၂လမ်း(ပေ ၁၈၀ အထက်တံတားများအပါအဝင်)ကို တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပါသည်။

		လမ်း	တံတား
(က)	ကချင်ပြည်နယ်	(၃)လမ်း	(၂)စင်း
(ခ)	ကယားပြည်နယ်	(၃)လမ်း	-
(ဂ)	ကရင်ပြည်နယ်	(၃)လမ်း	-
(ဃ)	ချင်းပြည်နယ်	(၂)လမ်း	(၁)စင်း
(င)	စစ်ကိုင်းတိုင်း	(၆)လမ်း	(၂)စင်း
(စ)	တနင်္သာရီတိုင်း	(၄)လမ်း	(၂)စင်း
(ဆ)	ပဲခူးတိုင်း	(၁၀)လမ်း	(၁)စင်း
(ဇ)	မကွေးတိုင်း	(၅)လမ်း	-
(ဈ)	မန္တလေးတိုင်း	(၃)လမ်း	(၁)စင်း
(ည)	မွန်ပြည်နယ်	(၃)လမ်း	-
(ဋ)	ရခိုင်ပြည်နယ်	(၂)လမ်း	(၁၅)စင်း
(ဌ)	ရန်ကုန်တိုင်း	(၅)လမ်း	(၄)စင်း
(ဍ)	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၂)လမ်း	-
(ဎ)	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၇)လမ်း	(၁)စင်း
(ဏ)	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄)လမ်း	(၁)စင်း
(တ)	ဧရာဝတီတိုင်း	(၂၀)လမ်း	(၈)စင်း

၂။ အခြားလုပ်ကိုင်လိုသည့် လမ်းများရှိပါကလည်း လုပ်ကိုင်ခွင့်ပြုရန် တင်ပြလျှောက်ထားနိုင်သည်။

၃။ ပြည်နယ်၊ တိုင်းအတွင်းရှိ ဒေသခံတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးစားပေးမည်။ လုပ်ကိုင်လိုသူများသည် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း အင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း – ၀၆၇-၄၀၇၀၇၀၊
၀၆၇-၄၀၇၅၈၀၊
၀၆၇-၄၀၇၀၇၇

ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၈၇၁၆ Kia Rhino ၊ Dunp Truck (4 x 2) ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကိုကိုကြီး မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၁၉၉၀၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊(ရန်ကုန်မြို့)။**

အမည်ပြောင်း

အဖ ဦးကျော်ရွှေ၏သမီး အမ်းမြို့ အထက(၁)နဝမတန်း(က)မှ ဆုယမင်းရွှေစင်အား ဆုယဉ်မိုးသန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဆုယဉ်မိုးသန့်။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၀+၂၁၊ မြေကွက်အမှတ် ၉၂၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ အကျယ်အဝန်း စတုရန်းပေ ၆၃၆၀ရှိသော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ ရိပ်သာ ၅လမ်း၊ အမှတ် ၉၂ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်စိန်စိန် ၁၂/ရကန(နိုင်)၀၂၆၂၈၁နှင့် ဒေါ်ခင်မြမြ ၁၂/ရကန(နိုင်)၁၀၂၅၆၄တို့ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်သည့်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမေအောင်
B.Sc, R.L, D.B.L
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေး
တိုက် ၁၀/၁၂၊ ပထမထပ်၊ အခန်း ၁၀၄(E)၊
၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁-၁၂၂၁၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၈၃၅၈၆မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်သတင်းပို့ပါရန်။

ဖြိုးစည်သူဟိန်း
ဖုန်း-၅၀၅၂၄၄။

KMD (တာမွေ) Computer Centre Since 1986

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

:: i-Office :: Graphics Design :: Desktop Publishing :: AutoCAD :: Practical A+
:: LCCI Computerised Accounting :: Basic Software Engineering

သင်တန်းအသစ် ဖွင့်လှစ်နေပါပြီ

KMD (တာမွေ -၁) ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း ၅၄၁၃၂၈ KMD (တာမွေ - ၂) ၅/၁၁၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း ၅၄၆၆၀၀

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲဖွင့်လျက်ရှိရာ ယခု(၁၅၅)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) စက်တင်ဘာ ၂၉ရက် (စနေနေ့) ညနေအရောက်ယောဂီများ လာရောက်ကြရမည်ဖြစ်သည်။

တရားတော်များကို ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ရိပ်သာ ဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ရာ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၀)မှ ကျောင်းဆင်းအရာရှိများက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ထာဝရအထွေထွေငွေပဒေသာပင် ကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

သုတရောင်ခြည်စာကြည့်တိုက်သို့ ဗီရိုတစ်လုံးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်ဒေသကုန်းညောင်ရပ်ကွက်ရုံးတွင် ဖွင့်လှစ်ထားသော သုတရောင်ခြည်ဘဝသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ကုန်းညောင်ရပ်ကွက်နေ အလှူရှင် စိုင်းစောမောင်-နန်းလောဝ်ဝီး(ရွှေစုံအိမ်)ပရိဘောဂမိသားစုက ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်ဗီရိုတစ်လုံးကို ဩဂုတ် ၁၉ရက်က အဆိုပါရပ်ကွက်ရုံး စာကြည့်တိုက်သို့ပေးအပ်လှူဒါန်းရာ ကုန်းညောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ညွှန့်က လက်ခံယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မှတ်သားဖွယ်ရာမိုးရေချိန်
၂၂-၉-၂၀၀၇

နေပြည်တော်	၀ ဒသမ ၀၈ လက်မ
ရန်ကုန်(မြို့လယ်)	၁၁ ဒသမ ၅၄ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၉ ဒသမ ၅၇ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၈ ဒသမ ၄၃ လက်မ
ခရမ်း	၅ ဒသမ ၂၄ လက်မ
ဖျာပုံ	၄ ဒသမ ၄၅ လက်မ
မှော်ဘီ	၄ ဒသမ ၀၆ လက်မ
ကိုကိုးကျွန်း	၃ ဒသမ ၇၈ လက်မ
ဝမြို့	၁ ဒသမ ၅၁ လက်မ

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် အကြိမ်(၂၀)မြောက် မိုးကုတ်ဝိပဿနာတရား သင်တန်း၌ ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စက်တင်ဘာ၂၆ရက်မှ ၃၀ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။

(က-ပ)

NLD ခေါင်းဆောင်များနိုင်ငံရေးအချောင်လိုက်နေ စစ်ကိုင်းမြို့နယ်မှပါတီဝင်၄၉ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဗြိတရော်ကျေးရွာနေ ဦးကျော်တင့်၊ နတ်ခရိုင်ကျေးရွာနေ ဦးတင်ကြီး၊ စာရေးကျေးရွာနေ ဦးညိုအေး၊ ပဲကတိုးကျေးရွာနေ ဦးလုံးစံ၊ တအိမ်တည်းကျေးရွာနေ ဦးလှဝင်း၊ လင်းတလူးကျေးရွာနေ ဦးလှဝင်း၊ ကျောက်ကာရွာမကျေးရွာနေ ဦးဓာတ်ဆီ၊ တလိုင်းကျွန်းကျေးရွာနေ ဦးခင်မောင်ဝင်းတို့အပါအဝင် ပါတီဝင် ၄၉ဦးတို့သည် စက်တင်ဘာ ၉ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLDဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိဘဲ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေကြောင်း၊ ပါတီခေါင်းဆောင်များ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေသည်ကိုသာ မြင်တွေ့နေရသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ရွှေရင်အေး မိုးစပါးစိုက်လယ်မြေ ၉၈ဧကတွင် ယူရီးယားနှင့် သဘာဝမြေဩဇာ ကြဲပက် လင်းခေး၌ လျာထားဧကထက် ပိုမိုအောင်မြင်ရန် ဆောင်ရွက်မည်

လင်းခေး စက်တင်ဘာ ၁၀

လင်းခေးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူး၍ ၂၀၀၇ခုနှစ် ရွှေရင်အေးမိုးစပါးစိုက်လယ်မြေ ၉၈ဧကတွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကြဲပက်သည့်ပွဲကို စက်တင်ဘာ ၂ရက်က လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာရှိ တောင်သူ ၄၄ဦး၏ လယ်ကွက်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိန်းဝင်းက မြေဩဇာကြဲပက်ရခြင်း၏ အကြောင်းကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့်ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်တို့က ရွှေရင်အေး မိုးစပါးလယ်ဧကတွင် ယူရီးယားဓာတ်မြေဩဇာ ကြဲပက်ပေးသည်။

မြေဩဇာကြဲပက်

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် လယ်စိုက်တောင်သူများက ယူရီးယားဓာတ်မြေဩဇာ၊ သဘာဝဘိုင်အိုကွန်ပို့ဇာ နွားချေးမြေဩဇာများကို ကြဲပက်ခြင်းနှင့်လယ်မြေတမန်းနှီးခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ရှိန်ဝင်းတို့က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၀၇–၂၀၀၈ ခုနှစ် ရွှေရင်အေး မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မြေပုံကားချပ်နှင့် ရှင်းလင်းတင်ပြခဲ့ကြပြီး လင်းခေးမြို့နယ်၏ ၂၀၀၇–၂၀၀၈ခုနှစ် ရွှေရင်အေး မိုးစပါးစိုက်ဧက ၃၄၇၀ ကို လျာထားဧကထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားမှုကို ကရင် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဩဂုတ် ၄ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာခရိုင်၌ တိုင်းရင်းဆေးဝါး ဥပဒေရှင်းလင်း

မုံရွာ စက်တင်ဘာ ၆

မုံရွာခရိုင် တိုင်းရင်းဆေးဝါးဥပဒေရှင်းလင်းပွဲကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၁နာရီက မုံရွာခရိုင်တိုင်းရင်းဆေးကုဌာန မုံရွာမြို့၌ ကျင်းပသည်။

ပြန်လည်ဖြေရှင်း

အခမ်းအနားတွင် တိုင်းရင်းဆေးဝါးဥပဒေနှင့် သက်ဆိုင်သော အကြောင်းအရာများကို စစ်ကိုင်းတိုင်း တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေ **(အောက်ပုံ)**၊ မုံရွာခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းဦးနှင့် မုံရွာမြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေရှင်းခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပခုက္ကူမြို့ အမှတ် (၅)ရပ်ကွက်ရှိ နိုင်ငံသား၄၃၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၃၁ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးညွှန်ကြားရေးမှူး ဦးချိုထွန်းက အမှတ်(၅) ရပ်ကွက်ဥက္ကဋ္ဌအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်လဝက)

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

မင်းတပ် စက်တင်ဘာ ၂၀

မင်းတပ်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ရပ်ကွက်များ၊ မြို့မဈေးတို့တွင် ခြင်ဆေးများ လိုက်လံ ပက်ဖျန်းခြင်းကို စီမံဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့မဈေးနှင့် မြို့ပေါ်စာသင်ကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်ထန်းလိန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဆွေးအုပ်တို့ ဦးဆောင် ကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

လပွတ္တာမြို့၌ ဖောက်ထွင်းမှု သက်သေခံပစ္စည်းများ ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ပွဲကျင်းပ

လပွတ္တာ စက်တင်ဘာ ၁၂

သက်သေခံပစ္စည်း ရွှေထည် ပစ္စည်းမျိုးစုံ အလေးချိန် ၁၅ဇကျပ်သား ၁၂ပဲ ၁ ရွေးကို မြောင်းမြခရိုင်ရဲမှူး ဇော်ဝင်းက ပိုင်ရှင် ဦးအောင်မြင့်ထံသို့ လပွတ္တာရဲစခန်း၌ စက်တင်ဘာ ၉ရက် နံနက် ၈ နာရီခွဲက ပြန်လည်ပေးအပ်ခဲ့သည်။ (အောက်ပုံ)

အမှုမှာ ၂၀၀၇ ခုနှစ် ဩဂုတ် ၃၁ရက် နံနက် ၃နာရီက လပွတ္တာမြို့ အမှတ် ၅ ရပ်ကွက် ကုန်သည်လမ်းရှိ ဦးအောင်မြင့်၏ နေအိမ်မှ ရွှေထည် ပစ္စည်းမျိုးစုံ အလေးချိန် ၁၅ဇကျပ်သား ၁၂ပဲ ၁ရွေးသားသည် ဖောက်ထွင်း ခိုးယူခြင်း ခံခဲ့ရ၍ စက်တင်ဘာ ၁ရက် မွန်းလွဲ ၁၂ နာရီခွဲက လပွတ္တာမြို့ ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့ရာ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် အရေးယူစုံစမ်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် စခန်းမှူး ရဲအုပ်တင်စိုးက လက်ခံ၍ စုံစမ်းရှာဖွေ ကြိုးပမ်းခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် ပြစ်မှု ကျူးလွန်သူများကို သက်သေခံ ပစ္စည်းများနှင့်တကွ ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့ သာယာလှပရေး စုပေါင်းသန့်ရှင်း

ပြင်ဦးလွင် စက်တင်ဘာ ၁၀

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဇရပ်ကတုံးဈေးအတွင်း စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မြို့သာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်မှုကို စက်တင်ဘာ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၄–၉–၂၀၀၇ **(တနင်္လာနေ့)**

- ❑ Plant Geography (part I)
  - ဒုတိယနှစ် ရုက္ခဗေဒ(အဓိက) ကျောင်းသား ကျောင်းသူများ
- ❑ Some Importance of Medicinal plants in Myanmar
  - ပညာပေး(ကျောင်းသား ကျောင်းသူနှင့်ပြည်သူများ)

၂၅–၉–၂၀၀၇ **(အင်္ဂါနေ့)**

- ❑ Secrets of Spirulina
  - ပညာပေး(ကျောင်းသား ကျောင်းသူနှင့်ပြည်သူများ)
- ❑ Methods of Orchid Propagation
  - ပညာပေး(ကျောင်းသား ကျောင်းသူနှင့်ပြည်သူများ)

၂၆–၉–၂၀၀၇ **(ဗုဒ္ဓဟူးနေ့)**

- ❑ genetics and Agriculture
  - ပညာပေး(ကျောင်းသား ကျောင်းသူနှင့်ပြည်သူများ)
- ❑ Varieties and Medicinal Value of Aloes
  - ပညာပေး(ကျောင်းသား ကျောင်းသူနှင့်ပြည်သူများ)

၂၇–၉–၂၀၀၇ **(ကြာသပတေးနေ့)**

- ❑ Water, water Pollution and Its Treatment
  - အများပြည်သူများ
- ❑ Contemporary Science and Role of Genetics
  - ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ ရုက္ခဗေဒအထူးပြု အဝေးသင်/နေ့ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ကြိုကျောင်းသား ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

၂၈–၉–၂၀၀၇ **(သောကြာနေ့)**

- ❑ ပရိတ်တော်အကြောင်း သိကောင်းစရာ
  - ပညာပေး
- ❑ Hilbert Spaces and Banach Spaces
  - မဟာသိပ္ပံပထမနှစ်သချ်ာ ကျောင်းသား ကျောင်းသူများ

၂၉–၉–၂၀၀၇ **(စနေနေ့)**

- ❑ The Gross Domestic Product
  - ပထမနှစ် အိမ်တွင်းစီးပွား အထူးပြု
- ❑ Money and Banking
  - ပထမနှစ် အိမ်တွင်းစီးပွား အထူးပြု
- ❑ The Economic Aspects of Population
  - ပထမနှစ် အိမ်တွင်းစီးပွား အထူးပြု
- ❑ Economic Resource Development in myanmar
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Public Finance
  - ပထမနှစ် အိမ်တွင်းစီးပွား အထူးပြု
- ❑ The Importance of Money
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံပြည်သူ့ရေးရာအထူးပြု
- ❑ Economic Aspects of Business Accounting
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Purchasing Management & Successful Marketing of Fundamentals
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Incidence of Taxallon
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Banking
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Differentiation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Permutations
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

၃၀–၉–၂၀၀၇ **(တနင်္ဂနွေနေ့)**

- ❑ Macroeconomics Policy Objectives and Instruments
  - ဒုတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Definitions of the Management Science
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Transformation of Variables
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ် စီးပွားရေးအထူးပြု
- ❑ Consignment Account
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ International Trade & Financial Institutions
  - ဒုတိယနှစ် စီးပွားရေးအထူးပြု
- ❑ The Role of Supervisor
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Linear Programming I
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Linear Programming II
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Keynesian Policy Applied to the Economy
  - ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Management Science in Decision Making
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Nature of Management
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ်

ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်း(စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာနှင့် အိမ်တွင်းစီးပွားအထူးပြု) ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများကို ၁–၇–၂၀၀၇ ရက်မှ ၁၄–၁၀–၂၀၀၇ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီမှ ညနေ (၄)နာရီအထိ ထုတ်လွှင့်ပေးမည်ဖြစ်ပါ၍ မိမိတို့နှင့်အနီးစပ်ဆုံးသင်ယူမှုဌာနသို့ သွားရောက်သင်ယူနိုင်သည်။

ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထားဝယ်၌ ဆုချီးမြှင့်

ထားဝယ် စက်တင်ဘာ ၁၂

တနင်္သာရီတိုင်း ထားဝယ်ခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ရက် မွန်းလွဲ ၁နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းစိုးနှင့် ဇနီး၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အောင်နှင့် ဇနီး၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ပညာရှင်များနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(ယာပုံ)**အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲများကို ကျင်းပ၍ ဆုရရှိသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းစိုးနှင့်ဇနီး၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အောင်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သပြေစမ်းကျေးရွာ ရေကောင်းရေသန့် ရရှိစေရန် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဩဂုတ် ၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြစဉ်။

(က-ပ)

မော်လမြိုင်မြို့၌ ပျိုးပင်များ ပျိုးထောင်

မော်လမြိုင် စက်တင်ဘာ ၉

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပျိုးပင်များ ပြုစုပျိုးထောင်ထားမှုကို ဩဂုတ် ၁၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(၁၆၈)**

ပဲခူးတိုင်း(အရှေ့ပိုင်း)ပြန်/ဆက် လက်ထောက်ညွှန်မှူး စာကြည့်တိုက်များ ပေါ်ထွန်းရေး ကွင်းဆင်းဆောင်ရွက်

ထန်းတပင် စက်တင်ဘာ ၉

ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သည် တောင်ငူခရိုင်ဦးစီးအရာရှိ ဦးသန်းငွေး လိုက်ပါလျက် ဩဂုတ် ၂၃ရက်နံနက်က ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများစစ်ဆေးသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်၊ ခရိုင်ဦးစီးအရာရှိ ဦးသန်းငွေး၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းတို့နှင့်အတူ ဇရပ်ကြီးကျေးရွာ အားမာန်သစ်စာကြည့်တိုက်၊ ကင်ပွန်းခြုံကျေးရွာ ပါရမီ(၃) စာကြည့်တိုက်၊ နတ်ရွာ ပညာဂုဏ်ရည် စာကြည့်တိုက်များသို့ သွားရောက်ပြီး စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်လုံးချင်း ပေ၂၀ x ပေ၂၀ ပတ်လည်အဆောက်အအုံများ ပေါ်ထွန်းလာရေးအတွက် ကွင်းဆင်းစည်းရုံး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း မိုင်းခတ်၌ဆောင်ရွက်

မိုင်းခတ် စက်တင်ဘာ ၈

ရှမ်း ပြည် နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ခြင်ဆေးဖျန်း စက်ဖြင့် ဆေးရုံ၊ စာသင်ကျောင်းများ၊ မူကြိုကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မူကြိုကျောင်းတွင် ခြင်ဆေးဖျန်းခြင်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းဆွေတို့ ကြီးကြပ်၍ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (က-ပ)

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဈေးနှင့် ရပ်ကွက်များတွင် ရေမြောင်းများ ခြင်ခိုအောင်းမှုမရှိစေရန်အတွက် ဩဂုတ် ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘမြင့် ကြီးကြပ်သောအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့ သာယာလှပရေးအတွက် ရေနုတ်မြောင်းတူးဖော်၊ အမှိုက်များ ရှင်းလင်း

ချောင်းဆုံ စက်တင်ဘာ ၁

ချောင်းဆုံမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်သန့်ရှင်းရေး စနေနေ့တိုင်း ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က အရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်းဆုံ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်သရိုက်များ လှဲကျင်း၊ သိမ်းဆည်း ရှင်းလင်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဟိုပင်မြို့ သာယာရေး မြေယာရှင်း အလှပြုပြင်

ဟိုပင် စက်တင်ဘာ ၅

ဟိုပင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် စိမ်းလန်းသာယာလှပစေရန် အမြဲမပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ရက်က နှစ်တစ်ရာဆိုင်းဘုတ်ရှေ့ မြေယာရှင်းအလှပြုပြင်ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(က-ပ)

ခြင်ဆေးဖျန်း

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့ပိုင် သီရိရတနာဈေးအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်မှုကို ဩဂုတ် ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးသိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး ဝေန်မြစ်အတွင်း စုပေါင်းငါးမျိုးစိုက်ထည့်

သာပေါင်း စက်တင်ဘာ ၈

ဧရာဝတီတိုင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ သာပေါင်းမြို့နယ်၌ ဩဂုတ် ၃ရက် နံနက် ၇နာရီက ဝေန်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ ငါးမျိုးစိုက်ထည့်ပွဲကို ကျင်းပရာ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြတ်သာထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင် အင်အား ၅၀ခန့်က စုပေါင်း ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

23-9 (16) 1 9/23/07, 2:39 AM

နိုင်ငံတကာအဆင့်မီသင်တန်းတစ်ခုခုတော့တက်ထားမှဖြစ်မည်ဟု စိတ်ကူးရှိသူများ
အင်္ဂလိပ်စာနှင့် စကားပြောကိုပီပီပြင်ပြင်တတ်အောင် အရင်သင်ထားသင့်သည်။
P.E.S. SINCE 1989
PRACTICAL ENGLISH
SPEAKING
U WIN MAW (RESEARCH)
36 % Discount
(from12 -8-07 to22 -8-07)
516503
503984
အမှတ်(၁၈)၊ရတနာလမ်း၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ ရန်ကုန်မြို့။

မော်တော်ယာဉ်လေလံကြော်ငြာ

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အသုံးမလို မော်တော်ယာဉ်(၆)စီးအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်နေရာ၊ရက်စွဲ၊အချိန်	မော်တော်ယာဉ်ကြည့်ရှုရမည့်နေရာ
၁။	တီအီး- ၂၁	၁	လုပ်ငန်း(ရုံးချုပ်)	ရန်ကုန်
၂။	တီအီး- ၁၁	၁	နေပြည်တော်	
၃။	အေအမ်- ၃၀၀	၂	၁၂-၁၀-၂၀၀၇ရက်	
၄။	မာဇဒါအီး- ၂၀၀၀	၂	၁၁း၀၀နာရီ	

၂။ လေလံစည်းကမ်းချက်များကို လုပ်ငန်း(ရုံးချုပ်)နေပြည်တော်၌ တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၅ရက်မှစ၍ ဝယ်ယူနိုင်ပြီး လေလံတင်ရောင်းချမည့် မော်တော်ယာဉ်များအား လေလံတင်ရောင်းချမည့်ရက်မတိုင်မီအထိ ရုံးချိန်အတွင်း လေလံစည်းကမ်းဝယ်ယူသူများသာ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။ လေလံဆွဲမည့်သူများသည် လေလံပုံစံများတွင် သတ်မှတ်သည့် အချက်အလက်များ ဖြည့်စွက်ပြီး လုပ်ငန်း(ရုံးချုပ်)နေပြည်တော်၌ ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ တင်ပြရန်ဖြစ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊

ဖခင်အမည်မှန်

အထက(၁) နေပြည်တော် ပျဉ်းမနား နဝမတန်း (F) မှ မောင်လှိုင်သင်းအောင်၏ ဖခင်အမည်မှန်မှာ ၁၃/တကန (နိုင်)၁၅၃၂၃၃ ကိုင်ဆောင်သူ ဦးအောင်ကျော်ဆန်းနှင့် ဦးအောင်ဆန်းမှာတစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအောင်ကျော်ဆန်း(ခ)ဦးအောင်ဆန်း။

သင့်သွေးဖြင့် အသက်ကယ်ပါ

Saya Wallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE များအတွက် နည်းလမ်းကောင်းများရှိသည်။
2. PRACTICE ကောင်းသဖြင့် လွယ်ကူလျင်မြန်စွာတတ်သွားကြသည်။
OCTOBER / 2007 တွင် တန်းခွဲသစ်များရှိသည်။
AIRCON ခန်းမ။ အမှတ်(၃၂)၊ (၁၉)လမ်း (အောက်)၊ လသာမြို့နယ်။ ဖုန်း ၇၀၆၅၁၉ ၊ ၅၅၀၃၀၄

ပညာကျော် နှင့် မဟာကျော် နည်းပြ
ရေကြောင်းသိပ္ပံဝင်ခွင့် အထောက်အကူပြုသင်တန်း
U.D.E (အဝေးသင်) အနီးကပ်သင်တန်း
အမှတ်-၁၇၀နှင့် ၁၈၅ ပထပ်၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ရန်ကုန်မြို့။
၂၃-၉-၂၀၀၇ စမည်။ - 0999-29623 - 251548

ရုပ်ပျို တိုင်းရင်းဆေး
ထုတ်လုပ်ခွင့်လိုင်စင် ၁၁/၂၀၀၅/တဆထလ/တိုး (၃၈)
နှလုံးဆေးတောင့်

အမည်မှန်
အဖ ဦးမြင့်သိဏ်း၏သမီး ပြည်မြို့ အထက(၅) နဝမတန်း(B) တွင် ပညာသင်ကြားနေသော မလှမြတ်မြတ်သိန်း၏ အမည်မှန်မှာ မလှမြတ်မြတ်သိဏ်း ဖြစ်ပါကြောင်း။ **မလှမြတ်မြတ်သိဏ်း။**

အမည်ပြောင်း

အဖ ဦးစိုးနိုင်ဦး ၇/ပမန(နိုင်) ၁၀၈၁၃၀ ၏သမီး ပြည်မြို့နယ်(တွဲ) အထက မှော်ဇာ၊ အဋ္ဌမတန်းမှ မဆုသီရိခင်အား မဇင်ဆုဆုလွင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မဇင်ဆုဆုလွင်။**

အမည်ပြောင်း

အဖ ဦးမင်းတင်၏သား ညောင်ရွှေမြို့ အထကခွဲ ပဉ္စမတန်း(A)မှ မောင်စောထွန်းအား မောင်သီဟထူးဆက်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်သီဟထူးဆက်။

အမည်မှန်

အဖ ဦးအားကို၏သမီး ကျိုင်းတုံမြို့ အထက (၄) တက္ကသိုလ်ဝင်တန်း (A)မှ မမီဖယ်၏ အမည်မှန်မှာ မဘိနာ ဖြစ်ပါကြောင်း။
မဘိနာ။

အမည်ပြောင်း

အဖ ဦးအိုက်လာ၏သား ကျိုင်းတုံမြို့ အထက (၂) တက္ကသိုလ်ဝင်တန်း (B)မှ မောင်ကျော်ထွန်းအား မောင်စိုင်းနေထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်စိုင်းနေထွန်း။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကွယ်လွန်သူ မစ္စတာအိပ်ချ်တီအဟူဂျာ၏ ပစ္စည်းအား အမည်ပေါက်ပြောင်းလဲခွင့်၊ လွှဲပြောင်း ရောင်းချခွင့်နှင့်ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခွင့်တို့အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇အရ ခွင့်ပြုပါရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၁

ဦးသာမြင့်ထူး
အမှတ် ၁၄၈ဘီ(၁-၂)၊ အေဝမ်းလမ်း
၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ **လျှောက်ထားသူ**

ကွယ်လွန်သူ မစ္စတာအိပ်ချ်တီအဟူဂျာ၏ ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်သော အမှုအရေးအတွက် သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူ မစ္စတာအိပ်ချ်တီအဟူဂျာ၏ ကျန်ရစ်သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၃၁-၈-၂၀၀၇ရက်တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူ မစ္စတာအိပ်ချ်တီအဟူဂျာ၏ ကျန်ရစ်သော ပစ္စည်းများအပေါ် မြေအမည်ပေါက် ပြောင်းလဲခွင့်၊ လွှဲပြောင်းရောင်းချခွင့်နှင့် ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုခွင့်စသည်တို့ကို ခွင့်ပြုမိန့်ချမှတ်ပေးပါရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇အရ လျှောက်ထားလာရာ ၎င်းလျှောက်ထားချက်ကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၅ရက် (၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်)နံနက် ၉း၃၀နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော ကွယ်လွန်သူ မစ္စတာအိပ်ချ်တီအဟူဂျာ၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူမည်သူမဆို အထက်ဖော်ပြပါရုံးချိန်းရက်၌ ဤရုံးသို့လာရောက်ကန့်ကွက် လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေအပ်သည်။

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

အမည်မှန်

အဖ ဦးလိန်ဂိန်း၏သား အထက တာချီလိတ် တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဒေးဗစ်ကျော်၏ အမည်မှန်မှာ မောင်ဒေးယိဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၀-၉-၁၉၉၀ ဖြစ်ပါကြောင်း။
မောင်ဒေးယိ။

အမည်ပြောင်း

အဖ ဦးကျုံရှောနိမ်၏ သမီး လားရှိုးမြို့နယ် နောင်မွန် အထက(ခွဲ) ဆဋ္ဌမတန်းမှ မချိုချိုအား မအားဟွာဟု ပြောင်းလဲခေါ်ပါရန်။
မအားဟွာ။

အမည်ဖြည့်စွက်ခေါ်ပါရန်

မန်တုံမြို့ အထက အဋ္ဌမတန်း (က)မှ မအားရှန်အား ယနေ့မှစ၍ မအားရှန်(ခ) မခင်ခင်ကြည်ဟု ဖြည့်စွက်ခေါ်ပါရန်။
မအားရှန်(ခ)မခင်ခင်ကြည်။

အမည်ပြောင်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် ဦးဥတ္တမလမ်းနေ အဖဦးနုအောင် ၁၁/ကဖန (နိုင်) ၀၀၆၈၀၅ ၏သား မောင်ချိုဝင်း ၁၁/ကဖန (နိုင်) ၀၄၂၇၈၆အား မောင်ထိန်လင်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

ခြင်ဆေးဖျန်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၂၆ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော နှစ်လက်မ စက်ရေတွင်းတူးဖော်မှုကို စက်တင်ဘာ ၁၀ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၁၃ ရက်
၂၄-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပဲခူးတိုင်း သနပ်ပင်မြို့နယ်က ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးခြောက်လုပ်ငန်း)
၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှု အကြောင်း-သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတ**
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း-သမိုင်း-မင်းတုန်းမင်း)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ချစ်စွာသော ဒို့လယ်ယာမြေ (ဥက္ကလာကြည်ကြည်ဝင်း)
(၂) စိမ်းလဲ့မြေလွှာ (အကော်ဒီယံအုန်းကျော်)
(၃) လာလေကောက်စိုက်သွားကြစို့ (ယမုံနာခင်ခင်လေးနှင့်အဖွဲ့)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)
၁၇း၄၀ ကဏ္ဍစုံစွာဆွေးနွေးစရာ (စင်ကာပူတစ်ခွင် သာသနာပြုခရီးစဉ်) မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်နှင့် ဆွေးနွေးခန်း)
၁၈း၄၅ အင်္ဂလိပ်စကား ပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသား တေးသံ
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာဆိုတာခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)
(၂) မောင်သိစေချင်သည် (ခင်ထွေးမော်)
(၃) ခွဲခွာလို့ဖြင့် မနေချင် (ကိုမြသိန်း)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးအတွက် ကန်တော်ကြီး ရေဝင်ရောက်မှုအခြေအနေနှင့် ရေပေးရေးသုံး စက်ကိရိယာများ ကြံ့ခိုင်မှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ စက်တင်ဘာ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်စိုက်ပျိုး ပေါင်းမြက်ရှင်းလင်း

ဖလမ်း စက်တင်ဘာ ၁၇

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဖလမ်း-ဟားခါးမြို့ဝင် မြို့ထွက် နေရာတွင် ပန်းအလှပင် စိုက်ပျိုးခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းများကို စက်တင်ဘာ ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလလ်ပရုပ်ထန်းတို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာ ဇာတိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစံသောင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်၊ ဟင်္သာတနှင့် ဘားအံမြို့များ ခိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၂၂

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပြည်မြို့တွင် ၂၉၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၄၁၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၆စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဘားအံမြို့

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မန္တလေးခရိုင် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၇-၂၀၀၈ခုနှစ် မန္တလေးခရိုင်၏ မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ကွင်းအမှတ် ၄၄၆/၄၄၇ ရှိ တောင်သူဦးမြင့်စိုး၏လယ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးသည် တောင်သူဦးမြင့်စိုး၏ လယ်တွင် ဆင်းသွယ်ရင် မျိုးစပါးများ ထွန်တုံးပိတ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမောင်ကြိုင်က ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ ကော်လံ ၅ ✻

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၂၀၀၇-၂၀၀၈ ခုနှစ် မန္တလေးခရိုင်၏ မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားတွင် စပါးများ ထွန်တုံးပိတ်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၂၂ - ၉ - ၂၀၀၇

၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြင်ဆင်

တောင်အာဖရိကနိုင်ငံ၌ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လက်ရွေးစင်ဘောလုံးသမားများ အိပ်ဆောင်၌ စခန်းဝင်ကာ လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှတိုက်မှ ဘောလုံးအင်အားကြီး အသင်းတစ်သင်းဖြစ်သည့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ခြေစစ်ပွဲ၏ ပထမအကျော့ပွဲစဉ်ကို အောက်တိုဘာ ၈ရက်တွင် တရုတ်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၂၈ရက်တွင် မြန်မာနိုင်ငံ၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို နည်းပြချုပ် အဖြစ် မားကိုစ်ဖလော်ပါ(ဘရာဇီး)၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်း (စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ် (မြို့တော်စည်ပင်)တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

ပါဝင်

ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ညီညီလွင်(ပြည်ထဲရေး)၊ ဟိန်းကျော်သူ (မြို့တော်စည်ပင်)၊ ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ **(နောက်တန်း)** ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ မင်းသူ၊ ဇော်လင်းထွန်း (စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင်၊ နေဝင်း၊ အေးဆန်း (ကမ္ဘောဇ)၊ ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ သူရအောင် (ဘဏ္ဍာ/အခွန်)၊ **(အလယ်တန်း)** အောင်မြင့်အေး (မြို့တော်စည်ပင်)၊ ရာဇာဝင်းသိန်း၊ မိုးဝင်း၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့် (စီးပွား/ကူးသန်း)၊ ဇော်ထက်အောင် (စွမ်းအင်)၊ ထွန်းထွန်းဝင်း၊ စိုးလင်းထွန်း (ဘဏ္ဍာ/အခွန်)၊ **(ရှေ့တန်း)** စိုးမြတ်မင်း၊ ရန်ပိုင်၊ ပိုင်စိုး (ဘဏ္ဍာ/အခွန်)၊ စည်သူဝင်း (ပြည်ထဲရေး)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ အောင်ကျော်မျိုး (စွမ်းအင်)တို့ ပါဝင်ကြသည်။

ကမ္ဘာ့ဖလား လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာနိုင်ငံမှ စိုးကျော်နိုင်နှင့် ဇော်မိုးတို့ပြိုင်မည်

၂၀၀၇ခုနှစ် ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် ကျင်းပသည့် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ရှာအလမ်မြို့ရှိ ကိုတာပါမိုင်းဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကြေးစားဂေါက်သီးရိုက်အားကစားသမားများဖြစ်ကြသော စိုးကျော်နိုင်နှင့် ဇော်မိုးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၂သင်း ပါဝင်ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံအပါအဝင် အိမ်ရှင် မလေးရှား၊ ဟောင်ကောင်နှင့် နယူးဇီလန်တို့မှ ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းပေါင်း ၂၂သင်း ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။

အမှတ်ပေးဘောလုံးပြိုင်ပွဲခေတ္တရပ်နား

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၂ရက်နှင့် ၂၃ရက်တို့တွင် ခေတ္တရပ်နားထားသည်။

ပြန်လည်ကျင်းပမည်

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အားကစားကွင်းများကို ထိန်းသိမ်းပြုပြင်နေရသဖြင့် ပွဲစဉ်များကို ခေတ္တရပ်နားထားပြီး မိုးရွာသွန်းမှု လျော့နည်း သွားပါက စက်တင်ဘာ ၂၄ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲဖွင့်

၂၀၀၇ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

အဆိုပါပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ စက်တင်ဘာ ၂၂ရက်မှ ၂၃ရက်အထိလည်းကောင်း၊ ရေကူးပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စက်တင်ဘာ ၂၄ရက်တွင်လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ စက်တင်ဘာ ၂၅ရက်တွင်လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်ရုံ၌ စက်တင်ဘာ၂၆ရက်တွင်လည်းကောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပဂေါက်ကွင်း၌ စက်တင်ဘာ ၂၉ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

၂၀၀၇ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ခဝဲခြံမျက်မမြင်ကျောင်းအသင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ရန်ကုန်မြို့တော် စည်ပင်အသင်း၊ မန္တလေးတိုင်းအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ဒေင်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အာရှ(ယူ-၁၉)ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ မြန်မာဘောလုံးအသင်းယှဉ်ပြိုင်မည်

၂၀၀၈ခုနှစ် အသက်(၁၉)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ (**AFC U-19 Championship Qualification Competition 2007**) အုပ်စု (င) ခြေစစ်ပွဲစဉ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက်(၁၉)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စု(င) ပွဲစဉ်များရေးဆွဲထားရာ အိမ်ရှင် ထိုင်းလူငယ်အသင်းနှင့်အတူ ဂျပန်၊ လာအို၊ မြန်မာ၊ မော်လဒိုက်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ပါဝင်ကြပြီး အုပ်စုပထမနှင့် ဒုတိယရရှိသောနှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အသက်(၁၉)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း (ဆောက်လုပ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုး(စီးပွား/ကူးသန်း)နှင့် ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး (ရထားပို့ဆောင်ရေး)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။